ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (17-1-2015) (၈၀၈၈)

**အနှစ်ရှိသော တရား**

သာရဉ္စသာရတော ဉတွာ၊ အသာရဉ္စ အသာရတော၊
တေ သာရံအဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍ လည်းကောင်း၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ လည်းကောင်း သိမြင်ကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှု၊ အာရုံရှိရကား အနှစ်ရှိသောတရားကို ရရှိနိုင်ကြကုန်၏။

(ယမကဝဂ္ဂ၊ ဓမ္မပဒ)

# မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို နေပြည်တော်တွင် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များတွင် ကျင်းပခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံ၏ အကောင်းဆုံးသော အလေ့အထများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ထို့အပြင် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုများအပေါ်တွင်လည်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များသည် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လက်ရှိစိန်ခေါ်မှုများအပေါ် တိုးတက်အောင် ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ အမေရိကန်အစိုးရသည် မြန်မာအစိုးရ၏ လက်ရှိကာလအထိ အပြုသဘောကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ တိုးတက်မှုရှိရေးနှင့် လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်နိုင်ရန် ဆောင်ရွက်ချက်များတွင် အမေရိကန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီနိုင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးအကျဉ်းသားကိစ္စရပ်များကို နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီမှတစ်ဆင့် သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာဘက်မှ ကတိပြုခဲ့သည်။ ယင်းကိစ္စရပ်များကို ပြန်လည်သုံးသပ်ရာတွင် အခြေခံတစ်ရပ်အဖြစ် အသုံးပြုနိုင်ရန် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူနှင့် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့် စပ်လျဉ်းပြီး သဘောတူညီချက်တစ်ရပ်ရရှိရန်လိုအပ်ကြောင်း အမေရိကန်ဘက်မှ ဖော်ပြခဲ့သည်။ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အပြုသဘောဆောင်သော အခန်းကဏ္ဍကို နှစ်နိုင်ငံစလုံးမှ အသိအမှတ်ပြုခဲ့ကြသည်။ လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ရုံးတစ်ရုံးဖွင့်လှစ်နိုင်ရန် နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် သဘောတူညီချက်တစ်ရပ်ကိုရရှိရေးအတွက် ဆက်လက်ညှိနှိုင်းသွားရန်ကိစ္စအား ကြိုဆိုခဲ့သည်။ ဖော်ပြပါ ရုံးတစ်ရုံး အမြန်ဆုံး ဖွင့်လှစ်သွားနိုင်ရေးအတွက်လည်း အမေရိကန်က တိုက်တွန်းအားပေးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ဒိုက်ဦးမြို့နယ်တွင် ရေငန်ချောင်းတူးဖော်

**ဒိုက်ဦး ဇန်နဝါရီ ၁၆**

ဒိုက်ဦးမြို့နယ် နတ်ကင်းကျေးရွာအုပ်စုအတွင်းရှိ ရေငန်ချောင်းသည် သဲနုန်းများပို့ချမှုကြောင့် ချောင်းတိမ်ကောလျက်ရှိပြီး ချောင်းအောက်ဘက်ပိုင်းတွင် ချောင်းနှင့် လယ်ယာမြေမျက်နှာပြင်များ ကွာခြားမှုနည်းပါးခြင်း၊ ချောင်းပေါင်များ နိမ့်ကျနေခြင်းတို့ကြောင့် မိုးရာသီတွင် လယ်ယာမြေများ ရေဝင်နစ်မြုပ်လေ့ရှိသည့်အပြင် နွေရာသီတွင်လည်း အထက်ပိုင်းရှိ နွေစပါးစိုက်လယ်မြေများ၏ ပိုလျှံရေများကြောင့် အောက်ဘက်ပိုင်းရှိ ရေကျနောက်စိုက် လယ်ယာမြေများ ကောက်ရိတ်သိမ်းချိန်တွင် ရေဝင်၍ အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ ထိုသို့သော အခက်အခဲများကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီးမှ ရေငန်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရန်ကုန် - မန္တလေးကားလမ်းအောက်ပိုင်းမှ ပုကိုင်ချောင်းဆုံသည်အထိ အလျား ၆ မိုင်ကျော်ရှိသော ရေငန်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းအားဖြင့် အကြောင်းခင်တန်းကျေးရွာ၊ နတ်ကင်း၊ ဘူးတရာနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○



# ပန်းလှိုင်မြစ်ကြောင်းတူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ရက်အတွင်းပြီးစီးရန် အင်တိုက်အားတိုက်ဆောင်ရွက်နေ

တွေ့ဆုံမေးမြန်း - သပြေထွန်း၊ ဓာတ်ပုံ - ဝင်းမြင့်ကျော်(ညောင်တုန်း)

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းအဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြုပြင် ဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုဆောင်ရွက်ချက်များထဲတွင် နှစ်ပေါင်းများစွာ ပျောက်ကွယ်လုနီးပါးထိ တိမ်ကောနေသော ပန်းလှိုင်မြစ်ကြောင်း တူးဖော်သည့်လုပ်ငန်း စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင် စပါးသီးနှံများနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအား ရှေးရှုဦးတည်၍ အချိန်တိုအတွင်း ပြီးစီးအောင်မြင်၍ အကျိုးခံစားရစေနိုင်သည့် ဆည်မြောင်းစီမံကိန်းများကိုလည်း စဉ်ဆက်မပြတ်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ဖော်ပြပါ ဆောင်ရွက်အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ရှိနေသည့် တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသော ပန်းလှိုင်မြစ်ကြီးအား ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို ရှေးရှု၍ ယခုပွင့်လင်းရာသီတွင် တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

စစ်တွေ
၂ ဒသမ ၇၆ လက်မ
ဆင်ဖြူကျွန်း
၁ ဒသမ ၂၂ လက်မ
မကွေး
၁ ဒသမ ၁၄ လက်မ
မင်းဘူး
၁ ဒသမ ၀၂ လက်မ
ကျောက်ပန်းတောင်း
သုည ဒသမ ၇၇ လက်မ
ချောက်
သုည ဒသမ ၆၇ လက်မ

## မြန်မာ့ပင်လယ်ပြင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။



## ကြေးမုံ စာတည်းရှထောင့် ၁၇-၁-၂၀၁၅၊ စနေနေ့

# ကွမ်း၊ ဆေးအန္တရာယ် သတိပြုကာကွယ်

အနောက်တိုင်းအခေါ်အဝေါ် ကင်ဆာ၊ တိုင်းရင်းဆေးအလိုအရ မြစ်ပွားနာ၊ အချို့ဒေသများတွင် မှိုနာရောဂါဟုခေါ်တွင်သည့် လူတို့ကို ဒုက္ခပေးနိုင်သော ထိုရောဂါဆိုးမှာ လူမှုဘဝတွင်နေရာယူလာသည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများအတိုင်း လူအများလိုက်နာနေထိုင်ကြပါက ကင်ဆာရောဂါ ၁၀ မျိုးတွင် လေးမျိုးထက်ပိုသော ကင်ဆာရောဂါများကို ကာကွယ်နိုင်မည်ဟု ဗြိတိန်ကင်ဆာရောဂါသုတေသနဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ကြသူများသည် ဆေးလိပ်သောက်ခြင်းကို ရှောင်ရမည်။ ဆေးလိပ်သည် ကင်ဆာရောဂါဖြစ်စေနိုင်သည့် အန္တရာယ်အရှိဆုံးသောအရာပင်ဖြစ်သည်။ ဆေးလိပ်၏ဆိုးကျိုးမှာ သောက်သုံးသူတစ်ယောက်အပြင် ဆေးလိပ်မသောက်ပါဘဲ ဆေးလိပ်ငွေ့ရှူရှိုက်မိသူများကိုပါ ဒုက္ခမျှဝေပေးတတ်သည်။

အရက်သောက်မှုကို ထိန်းချုပ်ပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်လုပ်ကြရမည်။ ချမ်းအေးသောအရပ်ဒေသတွင် အရက်သောက်သုံးမှု များပြားသည်။ အအေးဒဏ်မှကာကွယ်ခြင်းတစ်မျိုးဖြစ်သည်။ ထိုအရက်သောက်မှုကို ထိန်းချုပ်လျှော့ချပြီး ယင်းအစား ကိုယ်လက်လှုပ်ရှားပုံမှန်လုပ်စေခြင်းဖြင့် သွေးလေလည်ပတ်မှုကို ကောင်းမွန်စေမည်ဖြစ်သည်။

ပြုပြင်စီရင်ထားသော အစားအစာများအပါအဝင် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များကို ရှောင်ရှားနိုင်ရမည်။ ကင်ဆာဖြစ်စေမှုတွင် ဤအစားအစာများကလည်း အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း သုတေသနပြုချက်များ ထုတ်ပြန်ထားသည်။ အင်္ဂလန်နိုင်ငံ ဆေးသုတေသနဌာနကလည်း ကင်ဆာရောဂါနှင့်ပတ်သက်၍ ရှောင်ရှားရမည့်အစားအသောက်၊ နေထိုင်မှုပုံစံများကို အသိပေးထုတ်ပြန်ထားသည်။

မိမိတို့နိုင်ငံတွင်လည်း အထက်ဖော်ပြပါအချက်အလက်များအပြင် တစ်ချက်ပိုနေသေးသည်။ ယင်းမှာကွမ်းစားခြင်းဖြစ်သည်။ ငါးနှစ်အတွင်း သုတေသနဌာနသို့ရောက်ရှိလာသော ခံတွင်းကင်ဆာဖြစ်ပွားသူများအနက် ထက်ဝက်ကျော်မှာ ကွမ်း၊ ဆေးလိပ်သုံးစွဲမှုကြောင့် ဖြစ်ပွားနေကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင် ကွမ်းစားသည့်ဓလေ့ ယဉ်ကျေးမှုတစ်ခုလို အမြစ်တွယ်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ “တံတားဦးက ကွမ်းနုဝါ၊ ငမျှာက ဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည် ရှား၊ သာ ဝါးလို့ထွေး”ဟူ၍ပင် လင်္ကာစပ်ဆိုအမွှမ်းတင်ခဲ့ကြသည်။ သို့သော် ရှေးထုံးက ကွမ်းနှင့် ဆက်စပ်ပစ္စည်းအားလုံးသည် ဒေသ၏သဘာဝထွက်ကုန်များဖြစ်သည်။ “တစ်သက်လုံးစားလာသည့်ကွမ်း၊ သံပရာတစ်ခြမ်း” ဆိုစကားနှင့်အညီ ကွမ်း၏ဆိုးကျိုး အာနိသင်များကို သံပရာသီးတစ်ခြမ်းနှင့် ချေဖျက်နိုင်စွမ်းသည်။

ယခုကွမ်းများ ထိုသို့မဟုတ်ပါပြီ။ အသင့်စားကွမ်းစားဆေးများ တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာပြီး တစ်နိုင်ငံလုံးတွင် လွှမ်းခြုံနေရာယူထားသည်။ ၎င်းတို့ နိုင်ငံမှာ ကင်ဆာဖြစ်စေ၍ တားမြစ်ထားသော ဤကွမ်းစားဆေးမျိုးစုံသည် မိမိတို့နိုင်ငံအနှံ့ ကွမ်းယာဆိုင်တိုင်းမှာ တွေ့နေသည်။ ဤအဆိပ်အတောက် ကွမ်းစားဆေးများ၏ဆိုးကျိုးအာနိသင်ကို ချေဖျက်နိုင်မည့်ဆေးမရှိ။ ခံတွင်းကင်ဆာဖြစ်ရခြင်းကြောင့် လူလုံးမလှဖြစ်ကြသူများလာသည်။

မိမိတို့နိုင်ငံတွင် ကွမ်းစားသူအများစုမှာ အသက်(၂၀)နှင့် (၃၀)ကြားဟု ဆိုထားသည်။ လက်တွေ့မြင်နေရသည်မှာ အခြေခံကျောင်းသားလေးများက အစ အသက်(၅၀)ကျော် (၆၀)အရွယ်ထိ ကွမ်းတမြုံ့မြုံ့နှင့်ဖြစ်နေကြသည်။ အထူးသဖြင့် အခြေခံပညာကျောင်းနှင့်ဝန်းကျင် ကိုက် ၁၀၀ တွင် ဆေးလိပ်၊ ကွမ်းယာဆိုင်များမရှိရဟု တားမြစ်ထားသော်လည်း ရှိနေဆဲဖြစ်သည်။ ကျောင်းသားလေးများအတွက် ဖောက်သည်ဆိုင်များဖြစ်နေသည်။ အလယ်တန်းအဆင့် ကလေးကအစ ကွမ်းစား၊ ဆေးလိပ်သောက်သူများ တွေ့လာရသည်မှာ ရင်လေးစရာဖြစ်သည်။

မိမိတို့မည်သို့ထိန်းမည်နည်း။ ကျောင်းများတွင် ဆရာများက ကွမ်း၊ ဆေးလိပ်များ၏ဆိုးပြစ်ကို ကလေးများအသိထဲ စွဲသွားနိုင်အောင် ပညာပေးရမည်။ “အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ”ဆရာ့တာဝန် ဖြစ်သည်။ ကျောင်းအကျိုးတော်ဆောင်၊မိဘဆရာအသင်းဝင်လူကြီးမိဘများက ကျောင်းပြင်ပကွမ်းယာ၊ဆေးလိပ်ဆိုင်များကို ကလေးများအား ကွမ်းယာ၊ ဆေးလိပ်မရောင်းဖို့ အသိပေးတားမြစ်နိုင်ရပါမည်။ သတိပေးရပါမည်။ နောက်ဆုံးတားမရဖြစ်လာပါက အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းကာ အရေးယူဆောင်ရွက်သွားကြရပါမည်။ အနာဂတ်မျိုးဆက်သစ် မိမိတို့၏ရင်သွေးရတနာများအရေးမို့ မိဘ၊ဆရာ ပူးပေါင်းအားနှင့် ကလေးများကို ကွမ်း၊ ဆေးလိပ်အန္တရာယ်စက်ကွင်းမှ ကင်းလွတ်စေရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ပုခက်လွှဲလက်၊ ပန်းပျိုးလက်တို့ လက်ချင်းချိတ်ဆက်တာဝန်ယူနိုင် ကြပါစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

# နိုင်ငံတကာအဆင့်မီသင်ရိုးများနှင့် နည်းစနစ်များအတိုင်း သင်ကြားပေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇန်နဝါရီ ၉ ရက်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)နှင့် ဇန်နဝါရီ ၁၂ ရက်က နည်းပညာတက္ကသိုလ်(မှော်ဘီ) တို့သို့ ရောက်ရှိပြီး ပါမောက္ခချုပ်(တာဝန်)၊ ပါမောက္ခ၊ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တက္ကသိုလ်များ၌ ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်း၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများပြည့်စုံမှုရှိစေရေး၊ လိုအပ်သည့်ပစ္စည်းများ ပြည့်စုံစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့ပစ္စည်းများ ပြည့်စုံစွာဖြင့် စာတွေ့၊လက်တွေ့ ထိထိမိမိသင်ကြားပေးနိုင်ရေး ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများအား အရည်အချင်းစစ်ဆေးရာတွင် အရည်အသွေး ပြည့်မီစေရန် မျှမျှတတ စိစစ်ဆောင်ရွက်ရေး၊ ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို သိရှိနားလည်လိုက်နာကြစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနမှူးများ၊ ဆရာ ဆရာမများအနေဖြင့်လည်း ပညာရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာအောင် ကြိုးစားကြရန်၊ မိမိတို့တတ်မြောက်ထားသည့်ပညာများကိုလည်း မျှဝေသင်ကြားပေးကြရန်၊ သတင်းအချက်အလက်နှင့် နည်းပညာရပ်များကို သင်ကြားမှု၊ သင်ယူမှုများတွင် ထိရောက်အကျိုးရှိစွာ အသုံးချကြရန်နှင့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်များ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာအဆင့်မီ သင်ရိုးများနှင့် နည်းစနစ်များအတိုင်း သင်ကြားပေးကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု၊ လက်တွေ့လုပ်ဆောင်နေမှုနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အပေါ်ယာပုံ)**

**(ကြေးမုံ)**





## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၆**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၇၇၃၀၀ | - ၆၇၈၃၀၀ |
| မန္တလေး ရွှေဈေး | ၆၇၇၃၀၀ | - ၆၇၈၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၆၀၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၉၁. ၁ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၃. ၀၆ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၆၆ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၃၁၇ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၆. ၇၉ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၁၅ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၈၁. ၅၃ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၁၆၇ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၂. ၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

အမျိုးသားမြေအသုံးချမှုမူဝါဒအပေါ် ပြည်သူများပါဝင်ဆွေးနွေးရေးနှင့် အကြံပြုချက်များလက်ခံရရှိရန် အချိန်ပေးခဲ့ခြင်းစသည့် မြန်မာအစိုးရ၏ကြိုးပမ်းမှုများကို အမေရိကန်မှ အသိအမှတ်ပြုခဲ့သည်။ နောက်ဆုံးပေါ်ထွက်လာမည့်မူဝါဒ၊ အမျိုးသားမြေယာဥပဒေတို့နှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးနိုင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်လိုကြောင်း နှစ်ဖက်စလုံးမှ ဆွေးနွေးခဲ့ကြသည်။ မြေယာငယ်ပိုင်ဆိုင်သည့် လယ်သမားများအတွက် ပိုင်ဆိုင်မှုလုံခြုံရေး၊ ထုံးတမ်းအစဉ်အလာအရ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရေးနှင့် မြေယာများအသုံးပြုခွင့် ပိုမိုရရှိရေးတို့ပါဝင်သည့် ဥပဒေမူဘောင်တစ်ရပ်နှင့် မူဝါဒတစ်ရပ်တို့ကို ဖော်ထုတ်ရေးနှင့် ရှင်းလင်းဆွေးနွေးနိုင်ရေးတို့တွင် ကူညီသွားရန်အသင့်ရှိကြောင်း အမေရိကန်ဘက်မှ ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကြေညာခဲ့သည့် အခြေခံအခွင့်အရေးနှင့် အလေ့အကျင့်များ မြှင့်တင်ရေး ဦးဆောင်ဦးရွက်မှုအစီအစဉ်အောက်၌ နှစ်နိုင်ငံအကြားထိတွေ့မှုများ ပိုမိုတိုးမြှင့်သည့်အနေဖြင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများဆက်လက်ပြုလုပ်သွားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ အခြားသောအစိုးရများနှင့်လည်း ထိတွေ့သွားရေးတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို လိုအပ်သကဲ့သို့ပြန်လည်သုံးသပ်ရေးနှင့် ပြင်ဆင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်နှင့်အတူဆောင်ရွက်ရန် ကြိုးပမ်းမှုများကို အမေရိကန်ဘက်မှ အသိအမှတ်ပြုသည်။ ဤသို့ ပြင်ဆင်မှုများသည် အမျိုးသားအကျိုးစီးပွားနှင့်လည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များနှင့်လည်းကောင်း ကိုက်ညီသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုနှင့် ဘာသာရေးမတူညီမှုတို့ရှိသည်ကို လက်ခံရေး၊ လူမျိုးစုများအကြားနှင့် ဘာသာများအကြား သဟဇာတဖြစ်မှုနှင့် နားလည်မှုတို့ တိုးမြှင့်ရေးတို့သည်အရေးကြီးကြောင်း နှစ်ဖက်စလုံးမှ သဘောတူကြသည်။

အကြမ်းဖက်မှု အလားအလာများကို ကြိုတင်တွက်ဆနိုင်ရေးနှင့် သက်သာလျော့ပါးစေရေးတို့အတွက် ကြိုတင်သတိပေးမှုနှင့် တုံ့ပြန်နိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် အကူအညီပေးရန်ဆန္ဒရှိကြောင်း အမေရိကန်အစိုးရဘက်မှ ဖော်ပြခဲ့သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အခြေခံမူများနှင့်အညီ မူရင်းနေထိုင်ရာအရပ်မှ ပြောင်းရွှေ့နေထိုင်ရသူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အခက်အခဲမရှိ သွားရောက်ဆောင်ရွက်ခွင့်ရှိသင့်ကြောင်း အမေရိကန်နှင့် မြန်မာအစိုးရတို့မှ သဘောတူခဲ့သည်။ ပြည့်စုံပြီးပွင့်လင်းမြင်သာလျက် အားလုံးပါဝင်သည့် ရခိုင်ပြည်နယ် သဟဇာတဖြစ်ရေးလုပ်ငန်းစဉ်တစ်ရပ် လိုအပ်ကြောင်းနှင့် အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း နှစ်ဖက်သဘောတူခဲ့သည်။ ယင်းလုပ်ငန်းစဉ်သည် ထိခိုက်လွယ်သူမည်သူမဆိုထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အတားအဆီးမရှိရောက်ရှိရေး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ မည်သူကိုမဆို ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီဆီလျော်စွာ တန်းတူရည်တူ အကာအကွယ်ပေးရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးရန်ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း ယုံကြည်စိတ်ချရပြီး ပွင့်လင်းမြင်သာမှုရှိကာ အားလုံးပါဝင်နိုင်သည့် လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကျင်းပသွားရန် မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုအပေါ် အမေရိကန်မှ ကြိုဆိုခဲ့သည်။ ရွေးကောက်ပွဲကျင်းပရေးအပေါ် အမေရိကန်၏အကူအညီပေးခြင်းကို မြန်မာဘက်က ကြိုဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအားလိုက်နာခြင်းသည် ပြည်သူများ၏ ယုံကြည်မှုကို ဆက်လက်ရရှိလျက် အင်အားတောင့်တင်းပြီး အရည်အချင်းပြည့်မီသည့် တပ်မတော်တစ်ရပ်အတွက် အရေးပါကြောင်း နှစ်ဖက်ဆွေးနွေး သဘောတူခဲ့သည်။

ဂျီနီဗာကွန်ဗင်းရှင်းများအရ အရပ်ဘက်ပြည်သူများအား အချိန်တိုင်းနေရာတိုင်းတွင် အကာအကွယ်ပေးရန် ကတိကဝတ်ကို နှစ်ဖက်ထပ်လောင်း အတည်ပြုသည်။ လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအတွက်ကူညီသွားရန် အတူလုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သောယုံကြည်ထိုက်သည့် ရွေးကောက်ပွဲများ၊ ဒီမိုကရေစီနည်းလမ်းကျအစိုးရ၊ ဥပဒေနှင့်အညီ အားလုံးအား တန်းတူရည်တူအကာအကွယ်ပေးမှု၊ အားလုံးအား အခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် တည်ငြိမ်အေးချမ်းပြီးသာယာဝပြောလျက် အင်အားတောင့်တင်းသည့် နိုင်ငံများအတွက်အခြေခံဖြစ်ကြောင်း သဘောတူကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဤပူးတွဲထုတ်ပြန်ချက်ပါ မျှော်မှန်းချက်များ အကောင်အထည်ဖော်ရန် ဆက်လက်လုပ်ဆောင်သွားသည်နှင့်အညီ အမေရိကန်နိုင်ငံအနေဖြင့်လည်း စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် ကျန်ရှိနေသေးသည့် ကန့်သတ်မှုအားလုံးကို ချုပ်ငြိမ်းစေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်သည်။ **(သတင်းစဉ်)**



# မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆွေးနွေးပွဲ အကျိုးဖြစ်ထွန်းသည့် ဆွေးနွေးပွဲအဖြစ် ရှုမြင်

**ရန်ကုန် ဇန်နဝါရီ ၁၆**

နေပြည်တော်၌ ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်တို့တွင် ကျင်းပပြီးစီးခဲ့သော မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံးတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ**(အပေါ်ပုံ)** အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တွမ်မလီ နောစကီးနှင့် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော အမေရိကန်လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် သံရုံးတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများတက်ရောက်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက မြန်မာ-အမေရိကန် ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို ဒုတိယအကြိမ်အဖြစ် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ထင်ရှားသည့် အကျိုးဆက်အဖြစ် ပွင့်လင်းမြင်သာပြီး အကျိုးဖြစ်ထွန်းသည့် ဆွေးနွေးပွဲများအဖြစ် မြင်တွေ့ရကြောင်း၊ ဆွေးနွေးပွဲတွင် တိုင်းရင်းသားများအရေး၊ လူ့အခွင့်အရေးကာကွယ်တိုးမြှင့်ရေး၊ လွတ်လပ်မျှတသောရွေးကောက်ပွဲများ ကျင်းပနိုင်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုအဖွဲ့များအတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ဖြစ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပိုမိုအားဖြည့်ဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံသားဖြစ်တည်မှုတိုင်းတာသည့် စံနှုန်းများနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလျင်မြန်စွာ အကျိုးဖြစ်ထွန်းရေးနှင့် လူမျိုးစုများကြား နှစ်ဦးနှစ်ဖက်ယုံကြည်မှုပိုမိုရရှိရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲရလဒ်အနေဖြင့် ပူးတွဲကြေညာချက်ကို ယနေ့မွန်းလွဲပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်တွင်းပြည်ပမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

○ **ဒိုက်ဦးမှ**

ရေငန်ချောင်းကျေးရွာများမှ တောင်သူဦးကြီးများ၏ လယ်ယာမြေ ဧက ၃၀၀၀ ခန့် ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်သည်။ ထို့အပြင် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ခြင်းအားဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိလာပြီး နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ **(ကြေးမုံ)**





ဒိုက်ဦးမြို့နယ် နတ်ကင်းကျေးရွာ အုပ်စုအတွင်းရှိ ရေငန်ချောင်း တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုကို တွေ့ရစဉ်။







## ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ ခေတ္တသိုလှောင်မည့်နေရာသို့ ရွှေ့ပြောင်းရန် ဂျပန်အစိုးရ စီစဉ်

**တိုကျို ဇန်နဝါရီ ၁၆**

၂၀၁၁ ခုနှစ်က ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားစက်ရုံ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ရေဒီယိုသတ္တိကြွ၍ ညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့သော မြေဆီလွှာနှင့် အခြားစွန့်ပစ်ပစ္စည်းများကို စုစည်းသိမ်းဆည်းပြီးနောက် ဂျပန်အစိုးရသည် အနီးအနားရှိ စွန့်ပစ်ပစ္စည်းများ ခေတ္တသိုလှောင်သိမ်းဆည်းမည့်နေရာသို့ ရွှေ့ပြောင်းသယ်ယူပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီး ယိုရှိယိုမိုချီဇူကီက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ဖူကူရှီးမားရှိ ဒိုင်အိချိနျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သော ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အဆိုပါ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု အစီအစဉ်ကို စတင်ဆောင်ရွက်ရန် အစိုးရက ရည်မှန်းထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ စွန့်ပစ်ပစ္စည်းများ ခေတ္တသိုလှောင်သိမ်းဆည်းမည့်နေရာအနီးရှိ ဒေသခံနေထိုင်သူများနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ သဘောတူညီမှု ရရှိရန်အခက်အခဲများအပေါ် မူတည်၍ ရည်မှန်းထားသည့် အစီအစဉ်မှာ နှောင့်နှေးကြန့်ကြာနိုင်ကြောင်း သိရသည်။

ဖော်ပြပါ အစိုးရ၏ အစီအစဉ်ကို ဖူကူရှီးမားဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အဆိုပြုချက်နှင့် စွန့်ပစ်ပစ္စည်းစုပုံသိုလှောင်မှုကို လက်ခံပါက ဖူကူရှီးမားခရိုင်အတွင်းရှိ ဖူတာကာနှင့် အိုကူမမြို့တို့တွင် ခေတ္တသိမ်းဆည်းထားပြီး အနှစ် ၃၀ အတွင်း ဖူကူရှီးမားခရိုင်ပြင်ပသို့ သယ်ဆောင်ဖျက်ဆီးမည်ဖြစ်ကြောင်း သိရသည်။

**(ကျိုဒို)**



## အလယ်အလတ်ဝါဒီ ဆီးရီးယားတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၄၀၀ စေလွှတ်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

ဆီးရီးယားနိုင်ငံအတွင်း၌ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား ဆန့်ကျင်တိုက်ခိုက်နေသည့် အလယ်အလတ်ဝါဒီတပ်ဖွဲ့ဝင်များအား လေ့ကျင့်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် အမေရိကန်က တပ်ဖွဲ့ဝင် ၄၀၀ နှင့် အထောက်အကူပြုတပ်ဖွဲ့ဝင် ရာနှင့်ချီကာ စေလွှတ်မည်ဟု ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းတပ်ဖွဲ့များအား တူရကီ၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံများက ၎င်းတို့ တိုင်းပြည်များ၌ အခြေချရန် ကမ်းလှမ်းထားသော်လည်း ယင်းတို့ အခြေစိုက်မည့်နေရာနှင့် ဖြန့်ကြက်မည့်အချိန်တို့ကို လတ်တလောတွင် ရှင်းလင်းစွာ မသိရှိရသေးကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် သုံးနှစ်တာကာလအတွင်း ဆီးရီးယားတပ်ဖွဲ့ဝင် ၅၀၀၀ အား နှစ်စဉ် လေ့ကျင့်ပေးသွားရန် ရည်မှန်းချက်ထားရှိသည်။

၂၀၁၃ ခုနှစ်အတွင်း၌ အမေရိကန်စစ်ဘက်က ဂျော်ဒန်နိုင်ငံအတွင်း ဆီးရီးယားတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးမှုများ စတင်ခဲ့ပြီးနောက် ယခုအကြိမ်မှာ ယင်းသင်တန်းများကို တိုးချဲ့လာမည့် လက္ခဏာတစ်ရပ်လည်း ဖြစ်သည်။

**ဘီဘီစီ။**

## အင်ဒိုနီးရှားတွင် မူးယစ်ဆေးဝါးအမှု ကျူးလွန်သူများအား သေဒဏ်စီရင်မည်

**ဂျကာတာ ဇန်နဝါရီ ၁၆**

နိုင်ငံခြားသားငါးဦး အပါအဝင် မူးယစ်ဆေးဝါးအမှုကျူးလွန်သူ အကျဉ်းသားခြောက်ဦးကို တနင်္ဂနွေနေ့တွင် သေဒဏ်ပေးရန် အင်ဒိုနီးရှားအာဏာပိုင်များက စီစဉ်လျက်ရှိကြောင်း၊ သမ္မတသစ် ဂျိုကိုဝီဒိုဒို၏ လက်ထက်တွင် ပထမဆုံးအကြိမ် သေဒဏ်ပေးခြင်းဖြစ်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ယနေ့ပြောကြားသည်။

သေဒဏ်ပေးရန် စီစဉ်သည့်အကြောင်းကို အင်ဒိုနီးရှားရှေ့နေချုပ်ရုံးက ကြေညာခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလတွင် အာဏာရရှိခဲ့သော ဝီဒိုဒိုသည် အဆိုပါ သေဒဏ်စီရင်ရန် အမိန့်ကို လွန်ခဲ့သည့်လက လက်မှတ်ရေးထိုးခဲ့သည်။ ဥရောပသမဂ္ဂ၊ ဘရာဇီးအစိုးရနှင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့က မေတ္တာရပ်ခံခဲ့သော်လည်း မူးယစ်ဆေးဝါးအမှုကျူးလွန်သူများကို ကရုဏာထားမည်မဟုတ်ဟု အတိအလင်းပြောကြားခဲ့သည်။

သေဒဏ်စီရင်ခြင်းခံရမည့် နိုင်ငံခြားသားငါးဦးမှာ နိုင်ဂျီးရီးယား၊ မာလာဝီ၊ ဗီယက်နမ်၊ နယ်သာလန်နှင့် ဘရာဇီးနိုင်ငံတို့မှ ဖြစ်ကြသည်။

သေဒဏ်ကို ငါးနှစ်ကြာ မကျင့်သုံးဘဲရှိရာမှ ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ဝီဒိုဒိုသည် မူးယစ်ဆေးဝါးအမှုများသာမက အဂတိလိုက်စားမှုများ၊ ရေကြောင်းအမှုအခင်းများအပေါ်မှာပါ ဥပဒေနှင့်အညီစီရင်ရန် သဘောထားခိုင်မာစွာ ထားရှိသူဖြစ်သည်။

၎င်း၏ သမ္မတသက်တမ်း ပထမငါးလအတွင်း တရားမဝင်ငါးဖမ်းသင်္ဘောများအား ပစ်ခတ်ဖောက်ခွဲပစ်ရန် ရေတပ်ကို အမိန့်ပေးခဲ့ပြီး ဩဇာရှိသည့် စွမ်းအင်ဆိုင်ရာဘုတ်အဖွဲ့ “ပါးတာမီနာ” တစ်ဖွဲ့လုံးအား အစဉ်အလာမရှိ ထုတ်ပယ်ပစ်ခြင်းကို ထောက်ခံခဲ့သည်။

**ရိုက်တာ။**




## ပါကစ္စတန်ရှိ ပြင်သစ်ကောင်စစ်ဝန်ရုံးအပြင်ဘက်၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ တိုက်ခိုက်မှုဖြစ်ပွား

**ကရာချိ ဇန်နဝါရီ ၁၆**

သရော်စာမဂ္ဂဇင်း ချာလီဟဘ်ဒိုအား ဆန့်ကျင်ဆန္ဒပြမှုတစ်ရပ်သည် အကြမ်းဖက်မှုအဖြစ် ပြောင်းလဲသွားပြီးနောက် ဇန်နဝါရီ ၁၆ ရက်က ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တော် ကရာချိရှိ ပြင်သစ်ကောင်စစ်ဝန်ရုံးအပြင်ဘက်၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူ ၂၀၀ နီးပါးအကြား ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းတွင် ရေးသားဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့က ပြင်သစ်ကောင်စစ်ဝန်ရုံးဘက်သို့ ချီတက်လာသည့် လူအုပ်အားတားဆီးရန် ရေထိုးပိုက်များနှင့် မျက်ရည်ယိုဗုံးများကိုအသုံးပြုပြီးနောက် ဆန္ဒပြသူအချို့အား သေနတ်များကိုင်ဆောင်ထွက်ပေါ်လာပြီး ပစ်ခတ်နေသည်ကို မြင်တွေ့ခဲ့ကြောင်း ရိုက်တာဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောကြားသည်။ လူသုံးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ တစ်ဦးမှာ အခြေအနေဆိုးရွားကြောင်း ကရာချိမြို့မှ ဆရာဝန်တစ်ဦးကဆိုသည်။

တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဒေသခံတက္ကသိုလ်တစ်ခုမှ ကျောင်းသားအများစုဖြစ်သည့် ဆန္ဒပြသူများသည် အနီးအနားနယ်မြေတစ်ခုသို့ နောက်ကြောင်းပြန်ဆုတ်သွားသော်လည်း ရဲတပ်ဖွဲ့က ကောင်စစ်ဝန်ရုံးဝင်ပေါက်ကို ပိတ်ဆို့ထားသောကြောင့် ထွက်ခွာသွားရန် ငြင်းဆိုခဲ့သည်။ ယခုဖြစ်ရပ်မှာ ပါရီမြို့တွင် အစ္စလာမ္မစ်စစ်သွေးကြွများ၏ ဇန်နဝါရီ ၇ ရက် တိုက်ခိုက်မှုနောက်ပိုင်း ရှေးရိုးစွဲပါကစ္စတန်နိုင်ငံတွင် ချာလီဟဘ်ဒိုမှ ပုံနှိပ်ထုတ်ဝေသည့် သရော်စာကာတွန်းများအပေါ် အကြမ်းဖက်မှုအဖြစ် သွေးထွက်သံယိုဖြစ်စေခဲ့သော ပြည်သူများ ပထမဆုံးအကြိမ် ဒေါသထွက်စေသည့်ဖြစ်ရပ်ဖြစ်သည်။

**ရိုက်တာ။**

## အမေရိကန်နှင့် ကျူးဘား ခရီးသွား၊ ကုန်သွယ်ရေး စည်းမျဉ်းသစ် စတင်အသက်ဝင်

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့အကြား ခရီးသွားလာရေးနှင့် ကုန်သွယ်ရေးစည်းမျဉ်းအသစ်များသည် ဇန်နဝါရီ ၁၅ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ကျင့်သုံးမည့် နည်းလမ်းများတွင် အမေရိကန်နိုင်ငံသားများသည် ကျူးဘား၌ အကြွေးဝယ်ကတ်များ သုံးစွဲခွင့်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းများသည် ကျူးဘားသို့ နည်းပညာအချို့တင်ပို့ခွင့်များ ပါဝင်သည်။

အမေရိကန်တို့သည် ကျူးဘားမှ အရက်နှင့်ဆေးရွက်ကြီး ဒေါ်လာသန်း ၁၀၀ ဖိုးအထိ ဝယ်ယူနိုင်မည်ဖြစ်သည်။ ယင်းသည် အမေရိကန်က ကျူးဘားဆေးလိပ်တင်သွင်းခွင့်ကို ပိတ်ထားခြင်းအား ရုပ်သိမ်းလိုက်သည့် အဓိပ္ပာယ်ဟု ဆိုသည်။

၁၉၆၁ ခုနှစ်ကတည်းက ပြတ်တောက်သွားသည့် နှစ်နိုင်ငံ ဆက်ဆံရေးပြန်လည်ထူထောင်ခဲ့သည့် လွန်ခဲ့သည့်လမှ စ၍ သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

**ဘီဘီစီ။**

## ပါရီမြို့အနီး ဓားစာခံများအား ဖမ်းဆီးထားသော လက်နက်ကိုင်သမားအား ဖမ်းဆီး

**ပါရီ ဇန်နဝါရီ ၁၆**

ပါရီမြို့အနောက်မြောက်ဘက် ကိုလိုဘီမြို့ရှိ စာတိုက်တစ်ခုတွင် ဓားစာခံနှစ်ဦးကို ဖမ်းဆီးထားသော သေနတ်ကိုင်ဆောင်ထားသည့် လူတစ်ဦးအား ရဲအရာရှိများက ဖမ်းဆီးလိုက်ပြီဖြစ်သည်။

ဓားစာခံများကိုထိခိုက်နာကျင်မှုမရှိစေဘဲ ပြန်လည်လွှတ်ပေးပြီးနောက် လက်နက်ကိုင်သမားက သူ့ကိုယ်သူ ရဲအရာရှိများထံသို့ လာရောက်အဖမ်းခံခဲ့ခြင်းဖြစ်သည်။

အဆိုပါလက်နက်ကိုင်သမားသည် မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများဖြစ်ပွားစဉ်တွင် ၎င်း၏ ကိုယ်ခန္ဓာပေါ်တွင် ဗုံးများကပ်ထားကြောင်း အရေးပေါ်တယ်လီဖုန်းလိုင်းများကို ဆက်သွယ်အကြောင်းကြားခဲ့သူဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဆိုသည်။

**ရိုက်တာ။**



# ရခိုင်ပြည်နယ် သံတွဲမြို့၌ မျက်စိအခမဲ့ခွဲစိတ်ကုသပေး



**သံတွဲ ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခဒေါက်တာဦးကံညွန့်၊ ပါမောက္ခဒေါက်တာဦးကိုကိုတင် ဦးဆောင်သော မျက်စိဆရာဝန်ခြောက်ဦး၊ သူနာပြုဆရာမခြောက်ဦး ပါဝင်သည့် မျက်စိအထူးကု အဖွဲ့သည် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့သို့သွားရောက်၍ မျက်စိဝေဒနာရှင်များအား ကြည့်ရှုပြီး အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။

ယင်းအဖွဲ့သည် သံတွဲမြို့ နန့်ချောင် ကျေးရွာရှိ ကျေးဇူးရှင် သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းသော သီတဂူမျက်စိအထူးကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၁၃၁၈ ဦးတို့အား ကြည့်ရှုပေးပြီး အတွင်းတိမ်ရောဂါရှင် ၁၈၇ ဦးအား အခမဲ့ခွဲစိတ်ပေးခဲ့ကြသည်။ သံတွဲ၊ ကျိန္တလီ၊ ဂွနှင့် တောင်ကုတ်မြို့နယ်များမှ မျက်စိဝေဒနာရှင်များလာရောက်ကုသမှုခံယူကြကြောင်း သိရသည်။

မျက်စိအခမဲ့ခွဲစိတ်ရာတွင် သီတဂူမျက်စိဆေးရုံကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လေးခေါင်းဆောင်သော သံတွဲမြို့မှ အဖွဲ့ဝင်များက လုပ်ငန်းများ အောင်မြင်ရေးအတွက် လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး မျက်စိအခမဲ့ခွဲစိတ်ရာတွင် ကုန်ကျစရိတ်များကို ရန်ကုန်မြို့နေ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ မိသားစု(အေဒင်ကုမ္ပဏီ)၊ ဦးကြည်လင်း- ဒေါ်စံစံဝင်း မိသားစု၊ ဒေါက်တာဦးဆုန်ဟန်- ဒေါ်တင်တင်ထွေးမိသားစု၊ ဦးဇေယျာမင်းမိသားစု၊ ဦးသက်ဦး(ခေါ်)ဦးမောင်မောင်၊ ဦးဖေဝင်း၊ ဒေါ်သန်းသန်း မိသားစုနှင့် ဦးမောင်မောင်- ဒေါ်စီစီငွေး မိသားစုတို့က စုပေါင်းပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




# အင်ဖားမြို့နှင့်မန္တလေးမြို့ ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေး နှစ်နိုင်ငံတာဝန်ရှိသူများဆွေးနွေး

**ကလေး ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံ အင်ဖားမြို့နှင့် မြန်မာနိုင်ငံ မန္တလေးမြို့တို့ ဘတ်စ်ကားလိုင်း ပြေးဆွဲနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ နှင့် အိန္ဒိယဘက်မှ တာဝန်ရှိသူ ငါးဦးတို့သည် ဇန်နဝါရီ ၁၅ ရက်က ကလေး ခရိုင်ဆောက်လုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဘတ်စ်ကားလိုင်း အမြန်ပြေးဆွဲနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ပြေးဆွဲမယ့်လမ်းကြောင်းနဲ့ရက်ကို အတိအကျမသိရသေးပါဘူး၊ အိန္ဒိယကနေအင်ဖား၊ မိုရေးမြို့မှမြန်မာနိုင်ငံ တမူး၊ ကလေးလမ်းကိုလာမှာပါ၊ ကလေးကနေပြီး မန္တလေးကို ကလေးဝ-ယာကြီးလမ်းက ပြေးဆွဲမလား၊ ဒါမှမဟုတ် ကလေး-ဂန့်ဂေါ လမ်းကပြေးဆွဲမလားဆိုတာ မသိရသေးပါဘူး။ လမ်းအခြေအနေကို မျက်မြင်လာကြည့်တာပါ"ဟု ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာမှူး ဦးမြင့်ဝင်း ကပြောသည်။

ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေးအတွက် တမူးနယ်စပ်ဂိတ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးအား ဖွင့်လှစ်ထားပြီဖြစ်ကာ အဆိုပါ နယ်စပ်ဂိတ်မှ တစ်ဆင့် ယာဉ်ဖြတ်သန်းရာတွင် ယာဉ်ကြံ့ခိုင်ရေးနှင့် မှတ်ပုံတင်စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အင်ဖား - မန္တလေးလမ်းကြောင်းသည် မိုင် ၅၅၀ ခန့် ရှည်လျားကြောင်း သိရသည်။

နှစ်နိုင်ငံလမ်းကြောင်းရှာဖွေရေးအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်မှ စတင်ပြီး အင်ဖား-မိုရေးလမ်း၊ မိုရေး-တမူးလမ်း၊ တမူး-ကလေးဝလမ်းများကိုစစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်က ကလေးဝ-ယာကြီး-မုံရွာလမ်း၊ မုံရွာ-မန္တလေးလမ်းများကို စစ်ဆေးခဲ့ကာ ဇန်နဝါရီ ၁၄ ရက်က မုံရွာ-ပုလဲ-ဂန့်ဂေါ- ကလေးလမ်းပိုင်းများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# ရမ်းဗြဲမြို့ မြို့ပေါ် ခြောက်ရပ်ကွက် ၂၄ နာရီ မီးလင်းပြီ

**ရမ်းဗြဲ ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ရမ်းဗြဲမြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံသို့ မီးစတင်ပေးခဲ့သည်။ ယင်းနောက် 11 Feeder ဖြင့် 200 KVA ထရန်စဖော်မာ ငါးလုံးနှင့် နံနက် ၁၀ နာရီခွဲတွင် မြို့ပေါ်ခြောက်ရပ်ကွက်အား ၂၄ နာရီ ဓာတ်အားပေးပို့ခဲ့သည်။

ရမ်းဗြဲမြို့ပေါ် ခြောက်ရပ်ကွက်တွင် ယခင်လက်ရှိ မီတာ ၉၀၆ လုံးတပ်ဆင်ထားခဲ့ပြီး ယခုအသစ်ထပ်မံ ရောက်ရှိလာသော မီတာအလုံးရေ ငါးရာကိုလည်း ထပ်မံတပ်ဆင်ပေးလျက်ရှိနေ၍ နောက်ထပ် မီတာများလိုအပ်လျှင် ဆက်လက်ပြီး ဖြန့်ဖြူးပေးသွားမည်ဟု မြို့နယ်လျှပ်စစ်မှူး ဦးကောင်းမြတ်ဦးက ပြောသည်။

ရမ်းဗြဲမြို့နေ ပြည်သူများမှာလည်း ယခင်သုံးစွဲခဲ့သော ဓာတ်အားစနစ်ထက် ယခုဓာတ်အား လိုင်းမှရရှိသော ဓာတ်အားမှာ ပိုမိုအပြည့်အဝ ရရှိသုံးစွဲရကြောင်း သိရသည်။ ထို့အပြင် ရမ်းဗြဲမြို့နှင့် နှစ်မိုင်ခန့်ကွာဝေးသော ကျေးရွာများသို့လည်း မကြာမီ ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၂၂)

# ဇန်နဝါရီ ၁၇ ရက် ညနေထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# လှည်းကူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အင်းတိုင်တပ်နယ်တွင် ဇန်နဝါရီ ၁ ရက်က မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ စုစုပေါင်း ၁၆၆ ဦးအား ဒုတိယခရိုင်မှူး ဦးသန်းဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးတင့်ခိုင်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**






ဥတုရာသီ တောကိုမီး၏

MPC

## မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

- ♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
- ♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
- ♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် **mmpresscouncil@gmail.com**

# အသည်းအဆီဖုံးရောဂါအတွက် ထိရောက်သောတိုင်းရင်းဆေးပင်များ

**à lunf(Bifjk)**

အသည်းအဆီဖုံးရောဂါသည် ယခုဆယ်စုနှစ်အတွင်းမှာ အဖြစ်များလာသောရောဂါဖြစ်သည်။ လွန်ခဲ့သော ၂၇ နှစ်က စာရေးသူ တိုင်းရင်းဆေးရုံတွင် အလုပ်သင်ဆရာအဖြစ် ဆင်းခဲ့သည့်အချိန်တွင် အဖြစ်များသော အသည်းရောဂါမှာ အသည်းရောင်အသားဝါ(ရိုးရိုး)သာ ဖြစ်သည်။ ထိုရောဂါဖြစ်လျှင် တစ်ကိုယ်လုံးအသားများ ဝါသည့်အပြင် မျက်စိပါ ဝါသည်။ နောက်ဆုံး ဆီးသွားလျှင် အဝါရင့်ရောင်သွားသည်။ ထိုစဉ်က ပြည်သူ့ဆေးရုံ တိုင်းရင်းဆေးဟုခေါ်သော မြောက်ပြင်ရှိဆေးရုံမှာ ခုတင် ၂၅ လုံးမျှသာဆံ့သော်လည်း အသားဝါလူနာများပြည့်လျက် လူနာ ၅၀ ခန့်အထိကုသပေးခဲ့ရသည်။ အသားဝါလူနာအားလုံးနီးပါး ကိုယ်ဝန်ဆောင်အသားဝါပါမကျန် တိုင်းရင်းဆေးဖြင့် ကုသပျောက်ကင်းကြသည်။

ထိုအချိန်က အသားဝါကုသသော အဓိကတိုင်းရင်းဆေးမှာ ဆေးအမှတ်(၁)ဟု အမှတ်အသားပြုထားသည့် မက်လင်ချဉ်ဆေးဟုလည်းခေါ်သည့် ဆေးဖြစ်သည်။ ရှေးဆေးကျမ်းများမှ 'သေမှပုတိက သလိပ်ပုပ်နိုင်ဆေး' နည်းကိုယူထားသော ဆေးဖြစ်သည်။

အသည်းရောင်အသားဝါအတွက်ကောင်းသည့် အမှတ်(၁)ဆေးနည်းတွင်အဓိကပါဝင်သောဆေးမယ်မှာ မက်လင်သီး၊ မက်လင်ခေါက်ဖြစ်သည်။ မက်လင်သီးသည် အလွန်ချဉ်သောအသီးဖြစ်ပြီး ချဉ်ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုကြသည့် တောလေ့သုံးအသီးဖြစ်သည်။ အသီးများကိုနေလှန်း အခြောက်ပြုလုပ်ပြီးတော့လည်း ဈေးများတွင်ရောင်းချကြသည်။

မက်လင်သီး မက်လင်ခေါက်တို့ပါဝင်သောဆေးသည် အသည်းအတွက် အလွန်ကောင်းသည်။ အသည်းရောင်ခြင်းကို ကျစေသည့်အပြင် အသားဝါခြင်း၊ ဆီးဝါခြင်းကိုလည်း အလွန်လျင်မြန်စွာကောင်းမွန်စေနိုင်ကြောင်း စာရေးသူတို့အလုပ်သင်ဘဝကတည်းက လက်တွေ့ပင်ဖြစ်သည်။

ထိုအချိန်က ယခုခေတ်စားနေသည့် အသည်းအဆီဖုံးရောဂါသည် များစွာခေတ်မစားသေးပေ။ အသားဝါရောဂါဟုသာရှိပြီး B ပိုး၊ C ပိုးများ ခေတ်မစားသေးပေ။ နောက်ထပ် ၁၀ နှစ်ကျော်ကြာ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှသာ ပိုးကြောင့်ဖြစ်သော အသည်းရောဂါ၊ အသည်းခြောက်ရောဂါနှင့် အသည်းအဆီဖုံးရောဂါများ ခေတ်စားလာသည်။

ရှေးခေတ်ကမဖြစ်ခဲ့ဖူးသော အသည်းရောဂါအမျိုးမျိုးကြောင့် သေဆုံးသူများမှာ မျက်စိရှေ့တွင်ပင် မနည်းတော့ပါ။ ကြောက်စရာကောင်းလောက်အောင်ကို တိုးပွားလာနေသည်။

စားကောင်းသောက်ကောင်း ဝဖြိုးနေသူတစ်ဦးသည် အကြောင်းတစ်ခုကြောင့် ဆေးစစ်လိုက်လျှင် အသည်းအဆီဖုံးနေသည်ဟု သိရသည်။ ထိုသို့သိရသည့်အခါမှစ၍ ထိုသူသည် နေမကောင်းဖြစ်လေတော့သည်။

ကျိုးနံ့ဘေးတွင် လမ်းလျှောက်နေသူအတော်များများကို မေးလိုက်လျှင် အသည်းအဆီဖုံးနေလို့ ဆရာဝန်ကလမ်းလျှောက်ပြီး အဆီချခိုင်းလို့ဟု ပြောသူအတော်များများကို တွေ့ရသည်။ ပင်ကိုမိမိကျန်းမာရေးအသိဖြင့် လမ်းလျှောက်သူကနည်းသည်။ ဆရာဝန်က အသည်းအဆီဖုံးနေပြီပြောလိုက်မှ လမ်းလျှောက်သူက များလာလေသည်။

အရက်ဆိုင်၊ လမ်းဘေးစည်ဘီယာဆိုင်များမှာလည်း ရှေးခေတ်ကထက် ဆယ်ဆမက တိုးပွားလာပြီး အရက်

> **၁၉၉၅ ခုနှစ်နောက်ပိုင်းမှသာ ပိုးကြောင့်ဖြစ်သော အသည်းရောဂါ၊ အသည်းခြောက်ရောဂါနှင့် အသည်းအဆီဖုံးရောဂါများ ခေတ်စားလာ . . .**

သောက်သူ ဘီယာသောက်သူများမှ ဗိုက်စူထွက်လာပြီး အသည်းအဆီဖုံးရောဂါရလာသူများလည်း တွေ့ရသည်။ အသည်းပျက်စီးစေသော အဆင့်ရောက်သောအခါ အသည်းခြောက်၊ အသည်းကင်ဆာကြောင့် သေရသူအလွန်များလာသည်။

မနှစ်က စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အစာအိမ်သွေးကြောပေါက်၍ ဆေးရုံတက်ကာ သွေးကြောဖာပြီး ပြန်ဆင်းလာသည်။ သူ့အသည်းခြောက်နေသဖြင့် အသည်းသို့ဝင်သောသွေးကြောပိတ်ပြီး အစာအိမ်တွင် နောက်ကြောင်းပြန် သွေးဖိအားတိုးကာ သွေးကြောပေါက်သွားသည်ဟုဆိုသည်။ အဓိကတရားခံမှာ အစာအိမ်မဟုတ်၊ အသည်းဖြစ်နေသည်။ ထိုမိတ်ဆွေသည် အရက်ကိုအမြဲသောက်သူမဟုတ်။ ဝေါက်သီးရိုက်ပြီးနိုင်မှ တစ်လတစ်ကြိမ်၊ နှစ်ကြိမ်မျှသာသောက်သူဖြစ်သည်။ ဤမျှနှင့်အသည်းခြောက်ရသည်မှာ ဆိုးလှသည်။

အရက်သောက်သူ၊ အသည်းအဆီဖုံး၊ အသည်းခြောက်သူများအတွက် ဆေးနည်းတစ်ခုပေးချင်ပါသည်။ ဆေးပင်ဟုပြောလျှင်လည်း ဖြစ်နိုင်ပါသည်။ 'ဟင်းဂလာ'ပင်ဟုခေါ်ပါသည်။

စာရေးသူ၏ အဘိုးတစ်ဝမ်းကွဲတော်သူ (အဘိုး၏ညီတစ်ဝမ်းကွဲတော်သူ) သည် အရက်ကို ပုံမှန်သောက်သူဖြစ်ပါသည်။ ညနေခင်းရောက်သည်နှင့် အရက်ကို ရေနွေးထည့်သည့်သတ္တုကရားတွင်ထည့်ပြီး တစ်အိုးခန့်သောက်ပါသည်။ သူသောက်သည့်အရက်မှာ ချက်အရက်ဟုခေါ်သော အရက်ဖြူဖြစ်ပါသည်။ အံ့သြစရာ ထိုအဘိုးသည် အသက် ၉၉ နှစ် ကျော် ၁၀၀ အတွင်းရောက်မှ သေပါသည်။ နှစ်ပေါင်း ၅၀ ကျော်အရက်သောက်ခဲ့သော်လည်း အသည်းမခြောက်ခဲ့ပါ။ သူအမြဲစားခဲ့သော အရက်အမြည်းမှာ တောရွာများတွင်ပြုလုပ်လေ့ရှိသော ဟင်းဂလာချဉ်ဖတ်ဖြစ်ပါသည်။

ဟင်းဂလာပင်သည် နုန်းတင်မြေနုနှင့် သဲသောင်ခုံများတွင် အလေ့ကျပေါက်သော အပင်များဖြစ်ပါသည်။ မြေနှင့်သဲတွင် ကပ်၍ပေါက်ပြီး လက်ဝါးကဲ့သို့ နံဘေးသို့ဖြာထွက်သည်။ ဟင်းဂလာပင်ကို ပြုတ်သောက်လျှင် ဆီးအလွန်ကောင်းသည်။ ကျွဲနွားများ ဆီးချုပ်သောအခါ ဟင်းဂလာပင်ကိုခုတ်စဉ်း၍ နွားစာတွင်ရောကျွေးကြသည်။

ဟင်းဂလာပင်ကို ထမင်းလက်တစ်ဆုပ်ခန့်ဖြင့် မြေစဉ့်အိုးငယ်တွင်ထည့်ပြီး အချဉ်တည်ထားပြီး သုံးရက်ခန့်တွင် အချဉ်ပေါက်သည်။ ဟင်းဂလာချဉ်ဖတ်ကို ငါးဖြင့်ရော၍လည်း ချက်စားလေ့ရှိကြသည်။ ငါးပိရည်နှင့်တွဲဖက်၍ တို့စရာအဖြစ်လည်း စားသုံးကြသည်။ တောလေ့တွင် ချက်အရက်သောက်ကြသူများသည် အရက်နာမကျစေရန် ဟင်းဂလာချဉ်ဖတ်ကို ပဲကြီးလှော်နှင့်စားသုံးရင်း အရက်သောက်လေ့ရှိကြသည်။ ထိုကဲ့သို့ သောက်သောအရက်သမားများမှာ အရက်နာကျခြင်း၊ အသည်းခြောက်ရောဂါဖြစ်ခြင်း မရှိကြောင်း တွေ့ရပါသည်။

အသည်းအဆီဖုံးခြင်းအတွက် ထိရောက်သောအခြား ဆေးဖက်ဝင်အရွက်မှာ ဆေးမြင်းခွာရွက်ဖြစ်သည်။ ဆေးမြင်းခွာရွက်သည် စားသုံးသည့်မြင်းခွာရွက်ထက် အရွက်သေးသည်။ လမ်းလျှောက်နွယ်မျိုးဖြစ်ပြီး အရွက်နှင့်အရိုးတွင် အမွေးနုကလေးများပါလေ့ရှိသည်။ ရိုးတံအနီရောင်နှင့် အဖြူရောင် နှစ်မျိုးရှိသည်။ နှစ်မျိုးလုံးပင်ဆေးဖက်ဝင်ပါသည်။

ဆေးမြင်းခွာပင်များကို နွယ်လိုက်ရအောင်နုတ်ယူပြီး ဝါးလုံးတန်းကဲ့သို့ တန်းပေါ်တွင် အရှည်လိုက်တင်၍ အခြောက်လှန်းပါ။ နေပူတွင်မလှန်းဘဲ နေရိပ်တွင်လှန်းပါ။ ခြောက်သွားသောအခါ မှိုမတက်အောင် သံဘူးသို့မဟုတ် ဖန်ပုလင်းတွင် သိမ်းဆည်းထားပါ။ နေ့စဉ်ရေနွေးမတ်ခွက်တစ်ခွက်စာမျှ လက်ဖက်ခြောက်ခတ်သောက်ပေးပါ။ အသည်းအဆီဖုံးခြင်းကို ကျဆင်းစေနိုင်ပြီး ဆီးကောင်း၊ ဆီးရွှင်ကာ မျက်စိအားကိုလည်း ကောင်းစေနိုင်ကြောင်း လက်တွေ့သုံးစွဲဖူးသူများကပြော၍ မှတ်သားရဖူးပါသည်။

အသည်းအဆီဖုံးခြင်းအတွက် နောက်ထပ်ထိရောက်သောအသီးမှာ ဆီးဖြူသီးပင်ဖြစ်ပါသည်။ ဆီးဖြူသီးကို ဆေးဖက်ဝင်အသီးအဖြစ် မြန်မာဆေးကျမ်းများစွာတွင် ပါဝင်သည့်အပြင် အနောက်တိုင်းအာဟာရသုတေသီများကလည်း ဗီတာမင်စီ အလွန်ကြွယ်ဝသောအသီးအဖြစ် အသိအမှတ်ပြုထားကြပါသည်။ သို့သော် ဆီးဖြူသီးကို အစိမ်းအတိုင်းစားလျှင် လေချုပ်၊ သွေးချုပ်စာဖြစ်သဖြင့် နေ့စဉ်ရက်ဆက် များများစားရန်မသင့်ပါ။ အထူးသဖြင့် အမျိုးသမီးများ သွေးပေါ်ရက်နီးလျှင် မစားသင့်ပါ။

အသည်းအဆီဖုံးသူများအတွက် ဆီးဖြူသီးစားရန်နည်းမှာ ဆားရည်စိမ်စားလျှင် ပို၍ကောင်းသည်။ ဆားရည်စိမ်ထားလျှင် ကြာကြာအထားခံပြီး အရသာလည်းပို၍ကောင်းသည်။ တစ်နေ့လျှင်တစ်လုံးမျှ စားလျှင်ပင် လုံလောက်သည်။

တာရှည်ခံသောနည်းမှာ ဆီးဖြူသီးပေါသောအချိန်တွင် ဝယ်ယူကာ အခြောက်လှန်းထားပြီး သိမ်းဆည်းထားပါ။ ဆီးဖြူသီးခြောက်ကို ငါးဟင်း၊ ဝက်သားဟင်း စသည်တို့နှင့် ရောချက်စားလျှင် ဟင်းနူးစေပြီး အဆီဓာတ်ကိုလျော့ကျစေကာ အအီပြေစေနိုင်သည်။ ဝက်သားကြိုက်သူများသည် အိုးကြီးနှပ်ချက်အဖြစ် ချက်စားနိုင်သည်။


ရှေးက အလှူများတွင် ဝက်သားတုံးကြီးများကို နူးအောင်ချက်ပြီးမှ အိုးကြီးတွင်ထည့်ပြီးသရက်သီးခြောက်တစ်ထပ်၊ အသားတစ်ထပ်၊မရန်းသီးခြောက်၊ ဆီးဖြူသီးခြောက်များ ထပ်၍ထည့်ပြီး အိုးအဖုံးပိတ်ကာ အပေါ်မီးအောက်မီးတင်၍နှပ်ထားလေ့ရှိသည်။ ရက်ရှည်အထားခံပြီး ချဉ်ဖွဲ့ဖွဲ့အရသာရှိသော ဝက်သားအိုးကြီးနှပ်မှာ ဆွမ်းကြီးလောင်းပွဲနှင့် အလှူပွဲများတွင် မြန်မာတို့အကြိုက်ချက်နည်းဖြစ်သည်။ ဝက်သားကြိုက်သူများသည် အသည်းအဆီဖုံးခြင်း သက်သာစေရန် ဤနည်းဖြင့်ချက်စားနိုင်ပေသည်။

အသည်းအဆီဖုံးခြင်းကို ကာကွယ်နိုင်သော အခြားအရွက်များမှာ ဈေးများတွင် အလွယ်တကူရနိုင်သော ရှောက်ရွက်နှင့် ရဲယိုရွက်တို့ဖြစ်သည်။

ရှောက်ရွက်ကို ပါးပါးညှပ်ပြီး အသုပ်များတွင် ရောထည့်စားခြင်း၊ ဟင်းချိုပြုလုပ်သောက်ခြင်းဖြင့် နေ့စဉ်စားသုံးနိုင်သည်။ အတို့အမြုပ်အဖြစ်လည်း စားသုံးနိုင်သည်။ ရှောက်သီးမှထွက်သော ရှောက်ရည်နှင့် ရှောက်ရွက်တို့သည် အသည်းအတွက် အလွန်ကောင်းသောဓာတ်စာဖြစ်သည်။ ချဉ်ဟင်းများတွင် ရှောက်ရည်ထည့်ချက်ခြင်း၊ အကင်များစားလျှင်လည်း ရှောက်ရည်ညှစ်စားခြင်းဖြင့် အသည်းအတွက် ကာကွယ်ပါ။

ရဲယိုရွက်ကို ငါးခူဖြင့်ရောချက်စားနိုင်သည်။ ငါးဖယ်၊ ငါးကြင်းခြစ်များကို အမွှေးအကြိုင်၊ ကြက်သွန်ဖြူ စပါးလင်တို့ဖြင့် ရောနယ်ပြီး ရဲယိုရွက်ဖြင့်ဖက်ထုပ်ပြုလုပ်ကာ ကြော်စားခြင်း၊ ရေနွေးနွေးဖြင့်ပေါင်းစားခြင်းတို့လည်း ပြုလုပ်နိုင်သည်။ ရဲယိုရွက်သည် နှုတ်မြိန်စေသော အစာဖြစ်သည်။ လေပူကိုနိုင်သောသတ္တိရှိသည်။ အသည်းတွင် အပူအောင်းခြင်း၊ အသည်းခြောက်ခြင်းရောဂါအတွက် ရဲယိုရွက်ကို တစ်ပတ်လျှင် နှစ်ကြိမ်ခန့်စားသုံးပေးလျှင် ကာကွယ်ရာရောက်သည်။


အဆီများသူ၊ တစ်နေ့တခြား ဝလာသူ၊ အထိုင်များသူ၊ လမ်းလျှောက်နည်းသူတို့အတွက် အသည်းအဆီဖုံးရောဂါသည် အလွန်အဖြစ်များလာသောရောဂါဖြစ်သဖြင့် ရိုးရာဆေးဖက်ဝင်အပင်အသီးအရွက်များကို စားသုံးရင်း ကာကွယ်နိုင်ကြောင်း ရေးသားလိုက်ရပေသည်။











# ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများနှင့် ပြည်သူ့ဆန္ဒတို့အပေါ် အခြေခံကာ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲသင့်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာရန်နှင့်သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက်က ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ၏(၁၀)ရက်တာ ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် မစ္စရန်ဟီလီက မြန်မာနိုင်ငံတွင် ၁၀ ရက်တာအတွင်း လေ့လာသိရှိခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပဏာမလေ့လာတွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့က ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို တိုးတက်အောင်ဆက်လက်ဆောင်ရွက်နေပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားတို့အသက်ရှင်နေထိုင်မှုမြင့်မားစေရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မြေယာနှင့်သက်ဆိုင်သော စီမံကိန်းများနှင့်ပတ်သက်၍ ရပ်ရွာလူထုအနေဖြင့် ပိုမို၍ ဆွေးနွေးတိုင်ပင်ခွင့်ရရှိစေရန် အစိုးရအဖွဲ့က အဆိုပြုထားခြင်းနှင့် ပတ်သက်၍ မိမိကျေနပ်မိပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် ဒီမိုကရေစီနည်းလမ်းများကို ဖွင့်ပေးခဲ့ပါကြောင်း၊ သို့ရာတွင် အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများဖြစ်ကြောင်း။

နိုင်ငံရေး အကျဉ်းသားများ၏ အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများရေးရာ ကော်မတီအနေဖြင့် အပြုသဘောနှင့် ထိရောက်စွာလုပ်ဆောင်သွားရန် အားပေးပြောကြားခဲ့ပါကြောင်း။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မီဒီယာလွတ်လပ်မှုရှိရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သော မီဒီယာပေါ်ထွန်းရေးအတွက် အစိုးရအဖွဲ့က သတင်းသမားများနှင့် ပူးပေါင်းဆောင်ရွက်လျက်လည်း ရှိပါကြောင်း၊ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေပုံကို သိရှိရသော်လည်း သတင်းသမားများ သတင်းရယူရာတွင် အခက်အခဲများ ရှိနေမှုကိုလည်း သိရှိခဲ့ရပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ သတင်းသမားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားမှုများကို လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်းမရှိမီ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ဖွယ်ရှိမှုများနှင့် ပတ်သက်၍ လေ့လာဆောင်ရွက်ရန် ဥပဒေမူဘောင်တစ်ရပ် ရေးဆွဲချမှတ်ရေး ဆောင်ရွက်သင့်သည်ဟု အကြံပြုခဲ့ပါကြောင်း၊ မြေယာဆိုင်ရာ ပဋိပက္ခမှုများနှင့်ပတ်သက်၍ ခရီးစဉ်အတွင်း တင်ပြတိုင်တန်းမှုများကို ကြားသိခဲ့ရပါကြောင်း၊ မြေယာအငြင်းပွားမှုများတွင် လွတ်လပ်စွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများနှင့် ပြည်သူ့ဆန္ဒတို့အပေါ် အခြေခံကာ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲသင့်သည်ဟု အစိုးရအဖွဲ့အား မိမိတိုက်တွန်းခဲ့ပါကြောင်း။

အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကောလာဟလများ၊ အမုန်းစကားရေးသားမှုများကို ထိန်းချုပ်ရန်လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ပုံများကိုခရီးစဉ်အတွင်း လေ့လာသိရှိခွင့်ရရှိခဲ့ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မစ္စရန်ဟီလီသည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ပထမအကြိမ် လာရောက်ခဲ့ပြီး ယခုလာရောက်သည့် ဒုတိယအကြိမ်တွင် အင်းစိန်အကျဉ်းထောင်သို့လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့များသို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့သို့လည်းကောင်း သွားရောက်လေ့လာခဲ့ပြီး နေပြည်တော်ရှိ လွှတ်တော်ရေးရာ ကော်မတီများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးတို့နှင့်လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာ၏ ကိုယ်ရေးအကျဉ်း



ဒေါက်တာချွန်ယွီဟွာသည် ၁၉၆၀ ပြည့်နှစ် အလယ်တန်းကျောင်း တက်ရောက်နေစဉ် ကင်းထောက်လူငယ်များအသင်းသို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၆၇ ခုနှစ်တွင် ဘူဆန်အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဘူဆန်အမျိုးသားတက္ကသိုလ်မှ ဆေးပညာမဟာဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ယွန်ဆေးတက္ကသိုလ်မှ ဆေးပညာမဟာဘွဲ့ ရရှိခဲ့သည်။ ထို့ပြင် ၎င်းသည် ကိုရီးယားနိုင်ငံရှိ ကွန်ဂျူ အမျိုးသားတက္ကသိုလ်မှ ပညာရေးဆိုင်ရာ ပါရဂူဘွဲ့၊ ချီဆွန်းတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာ ပါရဂူဘွဲ့၊ ရေကြောင်းနှင့် ပင်လယ်ပြင်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပါရဂူဘွဲ့နှင့် အင်ဂျေတက္ကသိုလ်မှ ဆေးပညာဆိုင်ရာ ပါရဂူဘွဲ့များကို ရရှိခဲ့ပါသည်။

ဒေါက်တာချွန်ယွီဟွာသည် အာရုံကြောအထူးကုသမားတော်အဖြစ်လည်းကောင်း၊ အမေရိကန်နိုင်ငံ အာရုံကြောခွဲစိတ်ကုသမှုအသင်းကြီး၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဘူဆန်မြို့ရှိ ဘုံဆန်းအထိမ်းအမှတ်ဆေးရုံကြီး၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာချွန်ယွီဟွာသည် Grand National Party တွင် ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကော်မတီအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာချွန်ယွီဟွာသည် (၁၅)ကြိမ်မြောက် အမျိုးသားလွှတ်တော်မှစ၍ ဘူဆန်မြို့ရှိ ဂျွန်ဂူနှင့် တုန်ဂူခရိုင်တို့မှ ငါးနှစ်ဆက်တိုက် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး (၁၉)ကြိမ်မြောက် အမျိုးသားလွှတ်တော် ဒုတိယနှစ်ဝက်၏ နာယကအဖြစ် ခန့်အပ်ခြင်းခံရပါသည်။

၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကမ္ဘာ့ကင်းထောက်လူငယ်ဆိုင်ရာ လွှတ်တော်သမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ဒေါက်တာချွန်ယွီဟွာသည် ကမ္ဘာ့ကင်းထောက်လူငယ်ဆိုင်ရာ လွှတ်တော်သမဂ္ဂ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုများ ထောက်ပံ့ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

မစ္စ ရန်ဟီလီ နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဆီးနှင်းထူထပ်ခြင်းကြောင့် မူဆယ်အဝေးပြေးလမ်းတွင် ယာဉ်များ သတိပြုမောင်းနှင်ရန်လို

**သီပေါ ဇန်နဝါရီ ၁၆**

ဆောင်းရာသီ ကာလအတွင်း ဆီးနှင်းထူထပ်ခြင်းကြောင့် မန္တလေး-မူဆယ်အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသော ယာဉ်များ အထူးဂရုပြုရန် လိုအပ်ကြောင်း လားရှိုးယာဉ်ထိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မန္တလေး-မူဆယ်လမ်းမကြီးပေါ်တွင် နေ့စဉ်ကားစီးရေထောင်နှင့်ချီ၍ သွားလာလျက်ရှိရာ ဆောင်းတွင်းကာလ၌ ဆီးနှင်းများ ကျဆင်းခြင်းနှင့် မြူများထူထပ်ခြင်းတို့ကြောင့် လမ်းမြင်ကွင်းမရှင်းခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး မြင်တွေ့ရန်ခက်ခဲခြင်းနှင့် လမ်းချော်ခြင်းများ ဖြစ်ပွားတတ်၍ ယာဉ်မောင်းများ အထူးသတိဖြင့် မောင်းနှင်ရန် လိုအပ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောပြသည်။



“အဓိကကတော့ ကားမီးတွေကောင်းဖို့နဲ့ ကားမှန်သုတ်တဲ့ ဝိုက်ပါကောင်းဖို့လိုတယ်။ နှင်းတအားကျတဲ့နေရာတွေမှာဆို လိုအပ်ရင် သုံးနိုင်ဖို့ နှင်းခွဲမီးတွေလည်း ကောင်းဖို့လိုပါတယ်။ မြင်ကွင်းမကောင်းရင် အရှိန်ပြင်းစွာ မမောင်းဖို့ ပိုအရေးကြီးပါတယ်” ဟု အဆိုပါ လမ်းပေါ်တွင် ယာဉ်ပြေးဆွဲနေသည့် ဝါရင့်ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပွားပြီးနောက်ပိုင်း အအေးပိုခြင်းနှင့် ဆီးနှင်းများ ပိုမိုကျဆင်းလျက်ရှိသည်။ မန္တလေး-မူဆယ် လမ်းပေါ်ရှိ ဂုတ်တွင်းတောင်ကြားလမ်းနှင့် ကွတ်ခိုင် - နမ့်ဖတ်ကာတောင်ကြားလမ်းပိုင်းများတွင် ဆောင်းတွင်းကာလ၌ မြူနှင်းထူထပ်ကာ မြင်ကွင်းမရှင်းခြင်းများ ကြုံတွေ့နေရသဖြင့် ဂရုပြုရန်လိုကြောင်း ယာဉ်မောင်းများထံမှ စုံစမ်းသိရှိရသည်။

**ကိုနေ(သီပေါ)**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဇန်နဝါရီ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၆)တွင် ဖော်ပြထားသော အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း-၂ ဆောင်းပါး တတိယကော်လံ အောက်ဆုံးပိုဒ်တွင်“တိုင်းရင်းသား မိဘနှစ်ပါး(ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း)မှ မွေးဖွားသည့် တိုင်းရင်းသားဖြစ်ပြီး” ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် စာဖတ်ပရိသတ်အား အနူးအညွတ် တောင်းပန်အပ်ပါသည်။

**(စာတည်း)**

# မြို့နယ်အားကစားအရာရှိသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြို့နယ်အားကစားအရာရှိသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် လူငယ်အားကစား လေ့ကျင့်ရေးစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် ယခု သင်တန်းမှာ အားကစားဝန်ကြီးဌာန သို့ နိုင်ငံတော်မှ ပေးအပ်ထားသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အားကစား ပြိုင်ပွဲများကျင်းပရေး၊ မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအား သင်ကြားပေးမည်ဖြစ် ကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်အသီးသီးရှိ လူငယ်လူရွယ် များ အပါအဝင် ပြည်သူတစ်ရပ်လုံး အနေဖြင့် အားကစားလှုပ်ရှားမှုများတွင် စိတ်ဝင်တစား ပူးပေါင်းပါဝင်လာ အောင် စည်းရုံးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မြို့နယ်များအတွင်း ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့် အားကစားနည်း ကိုးမျိုးအနက်မှ အားကစားနည်း ခုနစ်မျိုးပြိုင်ပွဲများ မဖြစ်မနေ ကျင်းပနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ မြို့နယ်အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် မြို့နယ်အဆင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အားကစားကော်မတီများသို့ တင်ပြဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း။

မြို့နယ်အတွင်းရှိ ပြည်သူတစ်ရပ် လုံး အားကစားလှုပ်ရှားမှုများကို စိတ်ဝင်စားလာပြီး လူထုအားကစား အဖြစ် အရှိန်အဟုန်မြှင့်ပါဝင်လာစေ ရန် ပြိုင်ပွဲများမှ အလားအလာ ရှိသော လူငယ်သွေးသစ် အားကစား သမားများကို ရွေးချယ်ဖော်ထုတ်ပြီး နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲ များတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရယူနိုင်သည်အထိ နိုင်ငံ့ဂုဏ် ဆောင် အားကစားသမားများဖြစ်လာ အောင် မွေးထုတ်ပေးကြရန်မှာ ပင်မ တာဝန်ပင်ဖြစ်ပါကြောင်း၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ကွင်း၊ ရုံပြုပြင် ထိန်းသိမ်းရေးနှင့် ပြိုင်ပွဲဆိုင်ရာများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ရည်ရွယ်လျက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်း သို့ တက်ရောက်လာကြသော တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်း သား သင်တန်းသူများအနေဖြင့် သင်တန်းစည်းကမ်းကို လိုက်နာပြီး ဆွေးနွေးပို့ချချက်များကို သေသေချာချာ လေ့လာမှတ်သားကာ မိမိတို့မြို့နယ် များ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လက်တွေ့ကျကျ ပြန်လည်အသုံးချပြီး မြန်မာ့အားကစား အဆင့်အတန်းတိုးတက်ဖွံ့ဖြိုးအောင် ပူးပေါင်းပါဝင် ကြိုးစားသွားကြရန် ပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီး/ပြည် နယ်၊ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား ၄၀၆ ဦး တက်ရောက်ပြီး နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၈ ရက် အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်**

**နေပြည်တော် ဇန်နဝါရီ ၁၆**

၁။ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းခန့်တွင် ကျင်းပတော့မည်ဖြစ်ရာ(ကော်မရှင်က သတ်မှတ်ထုတ်ပြန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလ မဟုတ်သေးသော်လည်း)နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်သည်ကို တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံရေးပါတီအသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း **ဥပဒေနှင့်အညီ လွတ်လပ်စွာ** စည်းရုံးခွင့်ရှိပြီး ပုဒ်မ ၃၅၄ အရလည်း **ဥပဒေနှင့် မဆန့်ကျင်ဘဲ လွတ်လပ်စွာ**ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိကြပါသည်။ နိုင်ငံရေးပါတီများဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်တွင်လည်း ရွေးကောက်ပွဲအနိုင်ရရေး ရည်ရွယ်ချက်မှာ အဓိကကျသည်ဖြစ်ရာ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများက စည်းရုံးခွင့်ရှိပါသည်။

၂။ သို့ရာတွင် နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားမှုပြုရာတွင် ဥပဒေနှင့်အညီ မှန်ကန်မျှတမှုရှိစေရေးအတွက် အောက်ပါဥပဒေပြဋ္ဌာန်းချက်များကို သတိပြုလေးစားလိုက်နာကြရန်ဖြစ်သည်-

(က) **နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ပါတီစည်းရုံးရေးကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင်-**
ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ဝန်ခံချက်များကိုလည်းကောင်း၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း လေးစားလိုက်နာကြရန် (လေးစားလိုက်နာမှုမရှိပါက ပါတီအချင်းချင်းထိန်းကျောင်းခြင်းနှင့် ကော်မရှင်သို့ တင်ပြတိုင်တန်းခြင်းတို့ပြုလုပ်ကြရန်)

(ခ) **နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရွေးကောက်ပွဲကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင်-**
ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေးလိုက်နာစောင့်ထိန်းရန်၊ (ပြစ်မှု/ပြစ်ဒဏ်များကို ချိုးဖောက်မှုရှိပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ အရ သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုဖွင့်တိုင်ကြားရန်)

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ တင်သွင်းစိစစ်အတည်ပြုပြီးနောက် မဲဆွယ်စည်းရုံးမှုကာလအတွင်း ဥပဒေဖောက်ဖျက်ကျူးလွန်မှုများရှိလျှင်လည်း အထက်အပိုဒ်(က)(ခ)တို့ပါအတိုင်း တိုင်ကြားနိုင်သည့်အပြင် တရားမဲ့ပြုကျင့်မှုများကိုမူ လွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း(၁၅)ပါအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ခွင့်ရှိပါသည်။

၃။ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ ပြည်သူများနှင့် ပါဝင်သက်ဆိုင်သူ (Stakeholders) များ၊ မီဒီယာများအားလုံးတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မစ္စ ရန်ဟီလီတို့ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်နှင့် (၂၈)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်း မည့် အစီရင်ခံစာအတွက် မြန်မာနိုင်ငံ သို့ ဒုတိယအကြိမ် ရောက်ရှိလာသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့် အရေးအခြေအနေဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ တို့သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံး၌ တွေ့ဆုံခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် မှ လူ့အခွင့်အရေးကာကွယ်ရေးနှင့် လူ့အခွင့်အရေးတိုးမြှင့်ရေး ကိစ္စ ဆောင်ရွက်နေမှုများ၊ ကော်မရှင်မှ ဆောင်ရွက်နေသည့် လူ့အခွင့်အရေး ပညာပေးရေးကိစ္စရပ်များ၊ မြန်မာ နိုင်ငံမှ တင်သွင်းရမည့် လူ့အခွင့်အရေး အစီရင်ခံစာအတွက် ညှိနှိုင်းပြင်ဆင် မှုများ ပြုလုပ်လျက်ရှိသည့်ကိစ္စ၊ လူ့အခွင့်အရေးကာကွယ်ရေးနှင့် ပတ် သက်သည့် တိုင်ကြားချက်များအား ကော်မရှင်က ကိုင်တွယ်ဆောင်ရွက် နေသည့်ကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ စုံစမ်း စစ်ဆေး၍ သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည့် ကိုပါကြီးနှင့် ဒေါ်ခင်ဝင်း သေဆုံးသည့်ကိစ္စရပ်များအပေါ် မစ္စ ရန်ဟီလီအား ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံမှ သိရ သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက "ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံနဲ့က ပူးပေါင်း ဆောင်ရွက်မှုတွေ ရှိနေတဲ့အခါကျ တော့ ကုလသမဂ္ဂကစေလွှတ်တဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အထူး အစီရင်ခံစာတင်သွင်းသူနဲ့ ဆွေးနွေး ရတာက တစ်ဖက်နဲ့ တစ်ဖက်ကို နားလည်မှုရှိစေတယ်။ အထူးသဖြင့် ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာ လည်း သူတို့ရဲ့ အကြံပြုချက်တွေကိုပါ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းကို ပိုပြီးတော့ထိရောက်မှု ရှိစေမှာဖြစ်ပြီး အထောက်ကူဖြစ်စေ မှာပါ"ဟု ဆွေးနွေးပွဲအပြီး၌ သတင်း စဉ်သို့ ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ကိုးဦး တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေ အနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီသည် (၂၈) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ သို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရေး အတွက် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက် ညပိုင်းက ဒုတိယအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

**(သတင်းစဉ်)**



# ပေါက်မြို့နယ် တရားရုံး နှစ်ထပ်အဆောက်အအုံသစ်ဖွင့်

**ပေါက် ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ ဖြင့် အောင်ကောင်းသစ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ပေါက်မြို့နယ် တရားရုံးအဆောက် အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်ကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီး တရား လွှတ်တော်တရားသူကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးအုန်းသောင်း၊ ပခုက္ကူခရိုင် တရား သူကြီး ဦးမြဌေးကျော်နှင့် ပေါက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးတို့က တရားရုံးအဆောက်အအုံသစ် ဆိုင်း ဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြ သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကားပြောကြား ပြီး ပေါက်မြို့နယ် တရားသူကြီး ဦးဆန်းထွန်းဦးက တရားရုံးအဆောက် အအုံသစ်ဆောက်လုပ်ခြင်းနှင့် ပတ် သက်၍ ရှင်းလင်းတင်ပြကြောင်း သိရ သည်။ **သန်းနိုင်ဦး(ငဖဲ)**

ပြည်တွင်းရေးရာ





**✱ ကျောဖုံးမှ**

နိုင်ငံတော် အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပြည်သူအားလုံး လိုလားတောင့်တနေသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး အောင်မြင်မှုများရရှိခဲ့သကဲ့သို့ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများလည်း ကျန်နေသေးသည့်အတွက် ၂၀၁၅ ခုနှစ်သည် အရေးကြီးသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

အရှိန်ရရှိနေပြီဖြစ်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပိုမိုခိုင်မာပြီး ရှင်သန်နိုင်ရန်ထာဝရ ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တစ်ချိန်က တိုင်းပြည် တည်ငြိမ်အေးချမ်းမှုအားနည်းခဲ့ခြင်းကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျကျန်နေခဲ့ပါကြောင်း၊ အထူးသဖြင့် ကျေးလက်နေပြည်သူများ၊ နယ်စပ်ဒေသနေပြည်သူများ ဆင်းရဲမှုလျှော့ချရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများ တိုးတက်ရေးတွင် အရေးတကြီးဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် နိုင်ငံတော်မှ အခြေခံပညာသင်ယူမှုတွင် အခမဲ့ပညာသင်ယူနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ငွေကြေးချို့တဲ့သူများကို အခမဲ့ကုသနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းပင်ဖြစ်ကြောင်း။

နာဂတောင်တန်းဒေသတွင် နေထိုင်လျက်ရှိသည့် တိုင်းရင်းသားများ၏ ဒေသတွင်းသွားလာမှုလွယ်ကူအောင် လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးအတွက် တောင်ပေါ်ဒေသလမ်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသဖြင့် သွားလာမှုအထိုက်အလျောက်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ၊ TV လိုင်းများ တိုးချဲ့ ဆောင်ရွက်ပေးနေသဖြင့် အချိန်နှင့် တစ်ပြေးညီဆက်သွယ်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအခြေအနေများကို လျင်မြန်စွာ လေ့လာသိရှိနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတို့၏ လိုအင်ဆန္ဒများ



ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနှင့် အစိုးရ၏ လုပ်ဆောင်နေမှုများကို ဟန်ချက်ညီညီပေါင်းစည်းနိုင်ရေးအတွက် မြို့မိမြို့ဖ များပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းကာ ဒေသလိုအပ်ချက်များကို ပြည်သူ့ဆန္ဒနှင့်အညီ အကောင်အထည် ဖော်နေကြသည့်အတွက် တစ်နှစ်ထက်တစ်နှစ်သိသိသာသာ တိုးတက်မှုများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း ထာဝစဉ်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသော သန္နိဋ္ဌာန်စိတ်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်လေးစားမှုများရှိနေသည့်ကာလပတ်လုံး ပြည်ထောင်စုကြီးအမြဲထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကောင်းမွန်နေရန်အတွက် ပြည်သူအားလုံးတွင် တာဝန်ရှိပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများတစ်ဦးအပေါ်တစ်ဦး မေတ္တာရှေ့ထားပြီး နားလည်မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှုကို လက်ကိုင်ထား၍ နိုင်ငံတော်အကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုးဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားများ အသီးသီးပြောကြားပြီး ဒေသခံတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်သည်။ ထို့နောက် ဌာနဆိုင်ရာပြခန်းများ၊ လက်မှုပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ လေရှီးမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကွန်ပျူတာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေရှီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်တာဝန်ခံနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှူးတို့က လေရှီး-ထမံသီလမ်း၊ လေရှီး-ဆွမ္မရာလမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသခံကျေးရွာကိုယ်စားလှယ်များက ကျေးရွာများအတွက် လိုအပ်ချက်များအား လည်းကောင်း အသီးသီးတင်ပြကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူးက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဒေသအတွင်း ဆောင်ရွက်ပေးနေမှု အစီအမံများအားလည်းကောင်း ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ နှစ်သစ်ကူးရိုးရာပွဲတော်ကွင်း၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲသို့ တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်၊ ကျေးရွာအသီးသီးမှ နာဂရိုးရာ အကအဖွဲ့များ စုပေါင်းကပြဖျော်ဖြေနေမှုများအားလည်းကောင်း၊ နာဂရိုးရာသီချင်းဖြင့် ဒေသခံပြည်သူများ၊ နိုင်ငံခြားသား ဧည့်သည်များ စုပေါင်းပါဝင်ဆင်နွှဲမှုများအား လည်းကောင်း ကြည့်ရှုအားပေးပြီး ရိုးရာအကအဖွဲ့များ၊ အဆိုတော်များအား ဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**✱ ပန်းလှိုင်မြစ်မှ**

ပန်းလှိုင်မြစ်သည် ရှေးယခင်ကာလက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီ၊ ဒလကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အထိ တစ်ထပ်သင်္ဘော၊ နှစ်ထပ်သင်္ဘောနှင့် လှေသမ္ဗန်၊ ဖောင်များ ဝင်ထွက် ခုတ်မောင်းသွားလာနိုင်သော အခြေအနေထိရှိ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများပါ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ အတိုင်းအတာတစ်ခုအထိ အဆင်ပြေခဲ့ဖူးသော ဒေသဖြစ်သည်။ အဆိုပါပန်းလှိုင်မြစ်သည် နှစ်ကာလအတန်ကြာ တိမ်ကောခဲ့သဖြင့် ယခုအခါယင်းမြစ်ကို အားထားရှင်သန်ကြရသော ပတ်ဝန်းကျင်ဒေသများ၏ ရေအကြောင်းပြုခက်ခဲမှုများ လျော့ပါးသက်သာစေရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူကာ တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"ပန်းလှိုင်မြစ်ကြီးကို အခုလို ပြန်လည်တူးဖော်ပေးနေတာတွေ့ရတော့ ဝမ်းသာလိုက်တာဗျာ။ နိုင်ငံတော်က ကျွန်တော်တို့လယ်သမားတွေရဲ့ မျှော်လင့်ချက် အိပ်မက်ရှည်ကြီးတစ်ခုကို အကောင်အထည်ဖော်ပေးလိုက်တာပါပဲ။ 'ရွှေကိုမလို ရေကိုသာလိုသည်ဆိုတဲ့' ကျွန်တော်တို့ရွာမိသားစုတွေ အခုတော့လိုနေတဲ့ရေကို လိုသလောက်သုံးစွဲနိုင်တော့မှာဖြစ်လို့ ပျော်ရွှင်နေကြပါပြီ။ နိုင်ငံတော်နဲ့ ဆည်မြောင်းဦးစီးဌာနကိုလည်း အရမ်းကျေးဇူးတင်ရှိနေကြပါပြီဗျာ. . ."ဟု သံပရာချောင်းကျေးရွာမှ လယ်သမားကြီး ဦးစိုးလွင်က ဝမ်းသာစကားဆိုသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ မဲဇလီ၊ ဒလကျေးရွာမှ ခတ္တိယကျေးရွာအထိ အလျား ၈ ဒသမ ၆၂ မိုင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခတ္တိယကျေးရွာမှ ရန်ကုန်လှိုင်မြစ်ဝထိ ၂၅ ဒသမ ၅ မိုင်ခန့် မြစ်ကြောင်းအလျားစုစုပေါင်း ၃၄ မိုင်ကျော် တည်ရှိဖြတ်သန်းစီးဆင်းခဲ့ဖူးသော်လည်း ယခုအခါတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ မဲဇလီ၊ ဒလကျေးရွာမှ အုန်းပင်စုရွာအထိသာ ရေရောက်ရှိပြီး ထိုနေရာမှ ခတ္တိယရွာထိ သိသိသာသာတိမ်ကောလျက်ရှိရာ ပိတ်စွယ်ပင်တောနှင့် ကျူပင်တောများ မြစ်ကြောင်းပြည့် ပေါက်ရောက်ခြင်း၊ မိုးရာသီကာလ ရေပိုစွန့်ထုတ်ရန် တည်ဆောက်ထားခဲ့သော မြဂဲရေတံခါး၊ ခတ္တိယရေတံခါးနှင့် ဘိုးတရေတံခါးများမှာလည်း ရေစီးဆင်းမှုအားနည်းပိတ်ဆို့မှုဖြစ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း လှိုင်မြစ်ဝမှ ကင်းရွာအထိသာ ရေရောက်ရှိ၍ ကင်းရွာအထက်ရှိ မြစ်ကြောင်းမှာလည်း ကျူပင်တောနှင့် ပိတ်စွယ်တောများ ထူထပ်စွာပေါက်ရောက်လျက်ရှိခြင်းတို့ကြောင့် မရွှေဥရေတံခါး၊ စန္ဒယော်ရေတံခါးနှင့် ထိုးဝါးချောင်းရေတံခါးတို့မှာလည်း ရေစီးဆင်းမှုချို့ယွင်း၍ ပိတ်ဆို့သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

ထိုကဲ့သို့သော အခြေအနေအခြင်းအရာများကြောင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်မှာမှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတို့က အဆိုပါပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းစီမံကိန်းအား ရေထဲသုံးမြေတူးစက်၊ မြေပေါ်သုံးမြေတူးစက်၊ မြေထိုးစက်၊ မြေသယ်ယာဉ်၊ စသည့်လုပ်ငန်းသုံး စက်ကိရိယာ စုစုပေါင်းယန္တရားမျိုးစုံ အစီး ၄၀၀ ဖြင့် ယခုနှစ်ပွင့်လင်းရာသီတွင် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စပါးတွေ၊ ငါးတွေ ဆုံးရှုံးခဲ့ရတာ အခုဆို လေးနှစ်လောက်ရှိရောပေါ့။ ကျွဲရေ၊ နွားရေကအစ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေအဆုံး ဘာတစ်ခုမှ အဆင်မပြေခဲ့ပါဘူး။ ပန်းလှိုင်မြစ်ဆိုတာ ကျွန်တော်တို့ ဒီနယ်က လယ်သမားတွေရဲ့ အသက်ဗျ။ အခုလို တူးဖော်ပေးခြင်းဟာ ပြောရရင် နိုင်ငံတော်က ကျွန်တော်တို့ကို အသက်ဆက်ပေးခြင်းတစ်မျိုးပါပဲ။ ဝမ်းသာတယ်ဗျာ. . ."ဟု ခြံလုပ်ငန်းလုပ်ကိုင်သူ ဦးအောင်စိုးက လှိုက်လှဲပွင့်လင်းစွာ ပြောသည်။

ပင်မလုပ်ငန်းဖြစ်သည့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းနှင့် တစ်ဆက်တည်း ရေပိုထုတ်နိုင်၊ အောင်ရေထိန်းနိုင်၊ ရေငန်တားဆီးကာကွယ်နိုင်မည့် မြစိမ်းရောင်ရေတံခါး၊ ထိုးဝါးချောင်းရေတံခါး၊ စန္ဒယော် ရေတံခါး၊ မြောင်းတလုတ်ရေတံခါး၊ ဘိုးတရေတံခါး၊ ခတ္တိယရေတံခါး၊ သံပရာချောင်းရေတံခါး၊ မင်္ဂလာရေတံခါး၊ ကုန်းရွာရေတံခါး၊ မရွှေဥရေတံခါး၊ မြဂဲရေတံခါး၊ သဝန်းတောရေတံခါးနှင့် ဇီးဖြူကုန်းရေတံခါးများအား ပြန်လည်ပြုပြင်ခြင်းနှင့် ပန်းလှိုင်မြစ်ဝရေတံခါး၊ အဆိုပြုဂျော်ဝိုင်းရေတံခါး၊ အဆိုပြုသုံးအိမ်ရေတံခါးနှင့် မဲဇလီ(၂) ရေတံခါးများအား အသစ်ထပ်မံတည်ဆောက်ပေးမည့်အပြင် လိုအပ်သော ရေခေါ်မြောင်းများ၊ လက်တံမြောင်းငယ်များ၊ ရေတံခါးအထွက်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကိုလည်း အလျဉ်းသင့်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လိုအပ်သည့်နေရာများတွင် ရေချိုသွင်း-ရေငန်ထိန်းရေတံခါးများကိုလည်း ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တွံတေးမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်များအတွင်း နွေစပါး ၂၇၈၉၅ ဧကနှင့် မိုးစပါး ၈၃၉၆၃ ဧက အပါအဝင် သီးနှံစိုက်ပျိုးမှုဧက စုစုပေါင်း ၁၁၁၉၄၈ ဧကကို အကျိုးပြုနိုင်မည်ဖြစ်၍ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၂၉ အုပ်စုမှ အိမ်ထောင်စုပေါင်း ၁၆၃၃၉ ရှိ လူဦး ရေစုစုပေါင်း ၇၀၆၁၂ ဦးခန့်နှင့် ယင်းမြစ်အကျိုးပြုဧရိယာအတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ အိမ်ထောင်စုပေါင်း ၂၀၈၃၃ ရှိ လူဦးရေ စုစုပေါင်း ၉၉၀၂၀ တို့၏ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝများပါ တစ်ပါတည်းမြင့်မားတိုးတက်ပြီး ရေကြီးနစ်မြုပ်မှုများမှ လျော့ပါးသက်သာကာ စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း သိရသည်။

"ဒီပန်းလှိုင်မြစ်ကြီး တိမ်ကောမှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာရတဲ့ ဆုံးရှုံးမှုတွေက စပါးတစ်ခုတည်းတင် မဟုတ်ဘူးဗျ။ သိတဲ့အတိုင်း 'ရေအသက်တစ်မနက်'ဆိုသလို ရေမှမရှိတော့ စိုက်ရေးပျိုးရေးလည်း အဆင်မပြေ၊ မွေးမြူရေးလည်း အဆင်မပြေ၊ သောက်ရေသုံးရေလည်း အဆင်မပြေတော့ဘူးပေါ့။ အဲ့ဒါတွေ အဆင်မပြေမှတော့ ဒီဒေသရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုတာတွေကကော ဖွံ့ဖြိုးတိုးတက်နိုင်ပါ့မလား။ အခုလိုပန်းလှိုင်မြစ်ကြီး တူးဖော်ပေးမှုဟာ ကျွန်တော်တို့ဒေသရဲ့ နှစ်ရှည်လများဟာနေတဲ့ ကွက်လပ်ကိုနိုင်ငံတော်က အချိန်မီဖြည့်ပေးလိုက်တာပါပဲ။ အရမ်းဝမ်းသာတယ်။ အရမ်းလည်း ကျေးဇူးတင်တယ်ဗျာ. . ."ဟု အဆိုပါပန်းလှိုင်ဒေသရှိ ညောင်ရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလူအေးက အားပါးတရ ထောက်ပြပြောကြားသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ပန်းလှိုင်မြစ်ကြောင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပန်းလှိုင်မြစ်ကြောင်း အရှည် ၃၄ မိုင်ခန့်ကို အသစ်တစ်ဖန် ပြန်လည်အသုံးပြုအသက်ဝင်စေရန် ဆည်မြောင်းဦးစီးဌာနရှိ ပညာရှင်များက ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းများစတင်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ပန်းလှိုင်မြစ်တစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လူမှုစီးပွားတိုးတက်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍများကိုပါ ကြီးမားစွာ အထောက်အကူပြုမည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ပေါ်တွင် ဒေသနေပြည်သူများအတွက်သာမက ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝကိုပါ ကြီးမားစွာအထောက်အကူပြုမည့် ဤလုပ်ငန်းစီမံကိန်းကို အထိရောက်ဆုံး၊ အလျင်မြန်ဆုံး အကောင်အထည်ဖော်ရန် ပညာရှင်များစုဖွဲ့ခြင်း၊ စက်ယန္တရားစုဖွဲ့ခြင်းနှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဇူလိုင် ၁၉ ရက်က ကွင်းဆင်း စစ်ဆေးစဉ် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)မှ ဒုဦးစီးမှူး ဦးသိန်းဝင်းထွန်းကလည်း "ကျွန်တော်တို့ ဒီပန်းလှိုင်မြစ်ကြီး တူးဖော်တဲ့လုပ်ငန်းမှာ စီမံကိန်းပမာဏအနေနဲ့ ဆောင်ရွက်ရမည့်အလျားက ၃၄ မိုင်ဝန်းကျင်ပါ။ မြေကြီးကျင်းပမာဏကတော့ သိန်းသုံးဆယ်ခန့်ဖြစ်ပါတယ်။ ပွင့်လင်းရာသီအပြီး ဆောင်ရွက်သွားမှာပါ။ အခုကျွန်တော်ရှင်းပြခဲ့တာကတော့ ဒီစီမံကိန်းတစ်ခုလုံးရဲ့ ယေဘုယျအစီအစဉ်ပါ။ မြေပြင်မှာ လက်တွေ့ဆောင်ရွက်ရတဲ့အခါ ကြုံတွေ့လာရတဲ့အခြေအနေပေါ်မူတည်ပြီး အချို့အချို့ တစ်ခုခုလုပ်ရတာမျိုးတော့ ရှိကောင်းရှိနိုင်ပါတယ်။ အခုပဲကြည့်လေ ကျွန်းဦးကျေးရွာ နယ်နိမိတ်ထဲမှာ သာသနာ့မြေ၊ ရေကန်နဲ့ သင်္ချိုင်းဧရိယာတွေနဲ့ပတ်သက်ပြီး လုပ်ငန်းမှာ အခိုက်အတန့် ကြန့်ကြာသွားရတာမျိုးတွေလည်း ကြုံတွေ့ရတယ်။ ပန်းလှိုင်မြစ်ကြီး ၃၄ မိုင်တူးဖော်တဲ့နေရာမှာ အားလုံးအဆင်ပြေတယ်။ ဒီ ပေတစ်ထောင်လောက်ကျမှ လာပြီး စကားပြောနေရတယ်။ မြစ်ကမြစ်ရဲ့ မူလတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်တဲ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပါ။ အခုလို ပြန်လည်တူးဖော်ပေးလိုက်ခြင်းအားဖြင့် ရွှေမယင်းကွင်း၊ အန္တရဲကွင်း၊ တက်သစ်ကျွန်း၊ ညောင်တုန်းကျွန်းတို့စတဲ့ ဒီမြစ်ကြောင်းနဲ့ ဆက်စပ်တဲ့ဒေသတွေမှာ နွေမိုးဆောင်း ရေချိုရမယ်။ နွေစပါးစိုက်ပျိုးလို့လည်း အဆင်ပြေမယ်။ သားငါးကဏ္ဍလည်း ပြန်ပြီးဖွံ့ဖြိုးလာမယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်းလုပ်ငန်းကြီး ဆောင်ရွက်တဲ့နေရာမှာ ဒေသခံတွေကလည်း ကျွန်တော်တို့နဲ့ စိတ်တူကိုယ်တူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြစေချင်ပါတယ်"ဟု ပြောသည်။

အဆိုပါ နှစ်ကာလအတန်ကြာ တိမ်ကောခဲ့ရသည့် ပန်းလှိုင်မြစ်ကြောင်းအား ပြန်လည်တူးဖော်ဆောင်ရွက်ပြီးစီးပါက ထိုဒေသတစ်လျှောက်ရှိ ပြည်သူလူထုများအတွက် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများပါ မြန်ဆန်၍ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများအပါအဝင် လယ်ယာသားငါးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီလိုင်စင်များ လျှောက်ထားမှု မြန်မာနှစ်သစ်ကူးတွင် လိုင်စင်ထုတ်ပေးနိုင်ရန်လျာထား

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်အတွင်း ဖွင့်လှစ်ထူထောင်တော့မည်ဖြစ်ရာ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ ယခုလအတွင်း လိုင်စင်စတင်လျှောက်ထားနိုင်ပြီး လာမည့်မြန်မာနှစ်သစ်ကူးကာလတွင် တရားဝင်ဆောင်ရွက်ခွင့်ရကုမ္ပဏီလိုင်စင် ထုတ်ပေးနိုင်ရန် လျာထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအားလိုင်စင်ထုတ်ပေးရန်အတွက် သတ်မှတ်ထားသော အချက်အလက်များကို ထုတ်ပြန်ခဲ့ပြီး ယခုလ ၁၉ ရက်မှစ၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး တည်ရှိရာ ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အဆောက်အအုံတွင် ဇန်နဝါရီ ၁၉ ရက်မှစ၍ လျှောက်လွှာပုံစံများကို ထုတ်ယူနိုင်ကြောင်း သိရသည်။

"ငွေချေးသက်သေခံ လက်မှတ်ဝန်ဆောင်မှုပေးမယ့် ကုမ္ပဏီတွေကို လိုင်စင်လေးမျိုးနဲ့ လိုင်စင်ထုတ်ပေးသွားမယ်။ လေးမျိုးမှာ ပထမလိုင်စင်ကိုရရင် ကျန်သုံးမျိုးလုံးကို ဆောင်ရွက်လို့ရမယ်။ စတော့အိတ်ချိန်းကို ဝန်ဆောင်မှုပေးမယ့် ကုမ္ပဏီတွေဖြစ်တဲ့အတွက် ကော်မရှင်အနေနဲ့ သေချာစိစစ်သွားမှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလအထိ လိုင်စင်လျှောက်တာလုပ်နိုင်ပါတယ်။ စိစစ်ပြီးတဲ့အခါ မြန်မာနှစ်သစ်ကူးလောက်မှာ နှစ်သစ်ကူး လက်ဆောင်အနေနဲ့ လိုင်စင်ထုတ်ပေးဖို့ရှိပါတယ်။ လိုင်စင်လျှောက်တဲ့ ကုမ္ပဏီတွေကို အာမခံကုမ္ပဏီတွေ ဆောင်ရွက်ခဲ့စဉ်က အတိုင်းပဲ ငွေကြေးခိုင်မာမှုရှိမှ ဆောင်ရွက်ခွင့်ပေးမှာ ဖြစ်ပါတယ်။ စိတ်ဝင်တစားလျှောက်မယ့် ကုမ္ပဏီတွေ များမယ်လို့ မျှော်လင့်ပါတယ်" ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရာတွင် (၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း လုပ်ငန်းလိုင်စင်။ ယင်းအတွက် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေအရင်း ထည့်သွင်းရန် သတ်မှတ်ထားသည်မှာ ငွေကျပ် ၁၅ ဘီလီယံ ဖြစ်သည်။ (၂) ငွေချေးသက်သေခံလက်မှတ်များကို ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်။ ယင်းလိုင်စင်အတွက် ကျပ် ၁၀ ဘီလီယံ၊ (၃) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်။ ယင်းလိုင်စင်အတွက် ကျပ် ၇ ဘီလီယံ၊ (၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင်။ ယင်းအတွက် ကျပ် ဝ ဒသမ ၀၃ ဘီလီယံ အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေအရင်းကို ထည့်သွင်းရမည်ဖြစ်သည်။ အဆိုပါထည့်ဝင်ပြီး မတည်ငွေရင်းကို ဘဏ်ချေးငွေဖြင့် ထည့်ဝင်ခြင်းကို ခွင့်မပြုဘဲ တရားဝင်အခွန်ဆောင်ပြီးသော ဝင်ငွေရလမ်း ဖော်ပြနိုင်သည့် ငွေဖြစ်ရမည်ဟု သိရသည်။ လျှောက်ထားသူနှင့် ကုမ္ပဏီတွင်ပါဝင်မည့် ဒါရိုက်တာများအပေါ် ကန့်သတ်ချက်များရှိပြီး အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူ ဖြစ်ရမည့်အပြင် ကုမ္ပဏီအနေဖြင့်လည်း အိုင်တီစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရမည်ဟူသည့် အချက်အလက်များ အပါအဝင် စည်းကမ်းချက်များ သတ်မှတ်ထားသည်။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံ ဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲလျက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးသို့ ဖေဖော်ဝါရီ ၂၇ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်ဖြစ်ကြောင်း၊ လာမည့် မြန်မာနှစ်သစ်ကူးကာလခန့်တွင် လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၀၀၁)

## မြန်မာ့အာမခံလုပ်ငန်းများ အသိပညာပေးဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၁၆**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်က ပဲခူးမြို့နယ် ဘုရားကြီးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဒေါ်သန်းဝင်းက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော မြေအန္တရာယ်အသက်အာမခံလုပ်ငန်း၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့် အထွေထွေအာမခံ၊ ခရီးမိုင် ၁၀၀ အထက် အထူးခရီးသွားအာမခံ၊ ခရီးမိုင် ၁၀၀ အထိ ခရီးသွားအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ရရှိနိုင်သည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘုရားကြီးမြို့အုပ်ချုပ်ရေးမှူးက လူဆိုသည်မှာ မတော်တဆဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက အကျိုးခံစားခွင့်များရရှိနိုင်ရန် အာမခံများထားသင့်ကြောင်းရှင်းပြခဲ့ပြီး တက်ရောက်သူများက သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ (၀၇၅)

## အထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပါသည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီ စင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

# Avatar 2 ဇာတ်ကား ၂၀၁၇ မှသာ ရုံတင်ပြသနိုင်မည်




ကမ္ဘာ့ ရုပ်ရှင်သမိုင်းတွင် ရုံဝင်ငွေ အမြင့်ဆုံး စံချိန်တင်ခဲ့သည့် Avatar ဇာတ်ကား၏ နောက်ဆက်တွဲ အပိုင်းနှစ်ဖြစ်သော Avatar2 အား ၂၀၁၇ခုနှစ် မှသာရုံတင်ပြသနိုင်မည် ဖြစ်သည်ဟု Avatar ၏ ဖန်တီးရှင်ဖြစ်သော အော်စကာဆုရှင် ရုပ်ရှင်ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းကပြောကြားခဲ့သည်။

Aliens နှင့် Titanic တို့ကဲ့သို့ ကမ္ဘာကျော် ရုပ်ရှင်များကို ဖန်တီးခဲ့သည့် ကင်မရွန်းသည် အစောပိုင်းက Avatar 2 ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ရုံတင်ရန် စီစဉ်ထားကြောင်း ကြေညာခဲ့ဖူးသော်လည်း ဇာတ်လမ်းရေးသားမှုနှင့် ဇာတ်ညွှန်းခွဲမှု ကဏ္ဍများသည် အလွန်အနုစိတ်သဖြင့် အချိန်ပိုယူရန် လိုအပ်ကြောင်းကိုလည်း ကင်မရွန်းက ရှင်းပြခဲ့သည်။

ဂျိမ်းစ်ကင်မရွန်းက"ကျွန်တော် Avatar ဇာတ်ကားသစ် သုံးခုကို တစ်ပြိုင်တည်းဖန်တီးရိုက်ကူးနေပါတယ်။ ဒါပေမယ့်ဇာတ်ကား သုံးခုစလုံးမှာ ဇာတ်အိမ် ဖွဲ့စည်းမှု အလှာတွေက တော်တော်ရှုပ်ထွေးပြီး အနုစိတ်နေပါတယ်"ဟု ဆိုသည်။ ဆက်လက်ပြီး "ကျွန်တော်တို့အနေနဲ့ ဇာတ်ညွှန်းပိုင်းကို အပြီးသတ်နိုင်ပြီဆိုရင် ရုပ်ရှင် သုံးခုစလုံး ရိုက်ကူးရေးအတွက် သတ်မှတ် အစီအစဉ်တွေ အတိုင်းလုပ်လို့ရသွားပြီ"ဟု ပြောကြားခဲ့သည်။

အဆိုပါ ရုပ်ရှင်အသစ်များကို နယူးဇီလန်နိုင်ငံတွင် စတင်ရိုက်ကူးမည် ဖြစ်ကာ ယခင် Avatar ဇာတ်ကား၏ ဇာတ်ဝင်ခန်း အချို့ကိုလည်း နယူးဇီလန်တွင် ရိုက်ကူးခဲ့ဖူးသည်။

၂၀၀၉ ခုနှစ်က ရုံတင်ခဲ့သည့် အနာဂတ်ကာလ စိတ်ကူးယဉ် သိပ္ပံဇာတ်လမ်း Avatarသည် ဒေါ်လာ သန်း ၂၄၀နီးပါးမျှသာ အကုန်အကျခံ ရိုက်ကူးခဲ့သော်လည်း ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံမျှထိ ဝင်ငွေပြန်လည် ရရှိခဲ့သည်။

## သုံးနှစ်ဆက်တိုက် အကယ်ဒမီစာရင်းဝင် မင်းသားဘရတ်တလီကော့ပါး

ဟောလိဝုဒ်ရုပ်ရှင်လောက၏ အမြင့်ဆုံးဆု အမျိုးအစားတစ်ခုဖြစ်သည့် အော်စကာအကယ်ဒမီဆုပေးပွဲအတွက် အကြိုဆန်ခါတင်ဆုစာရင်းများကို ဇန်နဝါရီ ၁၅ ရက်က အမေရိကန်နိုင်ငံ Berverly Hills & Sd Samuel Goldwyn ပြဇာတ်ရုံတွင် ထုတ်ပြန်ကြေညာပေးခဲ့ရာ မင်းသားဘရတ်တလီကော့ပါးက သုံးနှစ်ဆက်တိုက် အကယ်ဒမီစာရင်းဝင်ခဲ့သူ အများအနက် ၁၀ ယောက်မြောက် မင်းသားတစ်ဦးဖြစ်လာခဲ့သည်။

စပိုင်အက်ရှင်မင်းသား ဘရတ်တလီကော့ပါးသည် ၂၀၁၂ ခုနှစ်တွင် Silver Linings Playbook ဇာတ်ကားဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် American Hustle ဇာတ်ကားဖြင့်လည်းကောင်း အကယ်ဒမီစာရင်းဝင်နိုင်ခဲ့ပြီး ယခုဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ Dolgy ပြဇာတ်ရုံတွင် ကျင်းပပြုလုပ်မည့် (၈၇)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် Birdman နှင့် Grand Budapest Hotel ဇာတ်ကားတို့က ဆန်ခါတင်ဆု ကိုးဆုစီဖြင့် ဆုအများဆုံးဇာတ်ကားများအဖြစ် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကာ အကောင်းဆုံးဇာတ်ကားဆုအတွက် ဇာတ်ကားရှစ်ကားရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

## ကိုရီးယားငွေကြယ်ပွင့်နှစ်ဦး မင်္ဂလာဆောင် ဓာတ်ပုံရိုက်ရန် လေဆိပ်မှထွက်ခွာ



ယွန်စန်ဟောရန်နှင့် မေးဘီတို့သည် မင်္ဂလာဆောင်ဓာတ်ပုံရိုက်ကူးရန် ကိုရီးယားမှ ဟာဝိုင်ရီသို့ ဇန်နဝါရီ ၁၄ ရက်က ထွက်ခွာခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် ၂၀၀၈ ခုနှစ် ဧပြီလက စတင်သိကျွမ်းခဲ့ကြပြီး ဇူလိုင်လတွင် တစ်ဦးနှင့်တစ်ဦး ချစ်ကျွမ်းဝင်ခဲ့ကြသည်ဟု ဆိုသည်။ ယွန်စန်ဟောရန်နှင့် မေးဘီတို့သည် မင်္ဂလာပွဲကို လာမည့် ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၁-၂၀၁၅ (စနေနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၄၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၅၂)တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၈း၂၀ | ကလေးတို့ကမ္ဘာ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | The Chef |
| ၁၁း၅၅ | Drive it |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁၄) |
| ၃း၄၅ | Fashion Week (ဒီဇိုင်နာမလတ်) |
| ၅း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြယ်ကလေးရဲ့ကောင်းကင်" (အပိုင်း-၂) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁၅) |
| ၇း၄၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၁)] |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၈၃) |
| ၁၁း၃၀ | Spain Laliga Valelcia Vs Almeria(LIVE) |
| ၄း၂၅ | မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ+ကျောက်စီပန်းချီ) |
| ၄း၄၀ | မုံရွာမြို့သို့ အလည်တစ်ခေါက် |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၁-၂၀၁၅ (စနေနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် နှောင်ကြိုးဖွဲ့သံယောဇဉ် (ရန်အောင်၊ လှအဥ္ဇလီတင့် နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ- အန်ထော်ဇာ) |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမာယာ (အပိုင်း-၆၅) |
| ၄း၁၃ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၆း၃၀ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၅၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်ထဲကတော်ဝင်သမားတော် (အပိုင်း-၆) လူရှင်တော်စတား ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာဖွဲ့ကြိုး(အပိုင်း-၂၀) |

MYANMAR INTERNATIONAL
Brief of Programme
(17-1-2015) (Saturday)

- The Ten Traditional Atrs & Crafts
- Will you feed the pigeons
- The Long-Lasting Royal Tradition
- TECH School
- ID Show "Gas and Oil"
- Myanmar Movie Review
- Myanmar Entrepreneur: Soe Nyi Nyi
- In the Studio : Ki Ma
- A Dream A Destination (Hpa An)
- Goldsmith
- U Kyaw Thu : From Artist to Philanthropist (II)
- Dengue Fever
- Traditional Matrimony of Khamti Shans
- The Iron Rider
- Power Ring
- Kid's Home



## ဇန်နဝါရီ ၁၇/၁၈ ရက်နေ့ ကစားမည့် ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ပရီမီယာလိဂ်** | | | |
| ဗီလာ | - | လီဗာပူး | ည - ၉း၃၀ |
| ဘန်လေ | - | ခရစ္စတယ်ပဲလေ့စ် | ည - ၉း၃၀ |
| လက်စတာ | - | စတုတ် | ည - ၉း၃၀ |
| ကျူပီအာ | - | မန်ယူ | ည - ၉း၃၀ |
| ဆွမ်ဆီး | - | ချဲလ်ဆီး | ည - ၉း၃၀ |
| စပါး | - | ဆန်းဒါးလန်း | ည - ၉း၃၀ |
| နယူးကာဆယ် | - | ဆောက်သမ်တန် | ည - ၁၂း၀၀ |
| **စီးရီးအေ** | | | |
| အမ်ပိုလီ | - | အင်တာမီလန် | ည - ၁၁း၃၀ |
| ပါလာမို | - | ရိုးမား | နံနက် - ၂း၁၅ |
| လာဇီယို | - | နာပိုလီ | ည - ၆း၀၀ |
| ဆီစီနာ | - | တိုရီနာ | ည - ၈း၃၀ |
| ချီယေဗို | - | ဖီယိုရင်တီးနား | ည - ၈း၃၀ |
| ဂျီနိုအာ | - | ဆာစူအိုလို | ည - ၈း၃၀ |
| အေစီမီလန် | - | အတ္တလန္တာ | ည - ၈း၃၀ |
| ပါးမား | - | ဆမ်ဒိုးရီးယား | ည - ၈း၃၀ |
| အူဒီးနီးစ် | - | ကယ်ဂလီယာရီ | ည - ၈း၃၀ |
| **လာလီဂါ** | | | |
| ကော်ဒိုဘာ | - | အီဘား | နံနက် - ၂း၁၅ |
| ဆိုစီဒက် | - | ဗယ်လီကာနို | ည - ၉း၃၀ |
| ဗလန်စီယာ | - | အယ်မာရီယာ | ည - ၁၁း၃၀ |
| ဗီလာရီးယဲလ် | - | ဘီဘာအို | နံနက် - ၁း၃၀ |
| အက်စပန်ညော | - | ဆယ်တာဗီဂို | နံနက် - ၃း၃၀ |

(မောင်မောင်ဇော်)

# မြို့ခံပြိုင်ဘက် ရီးယဲလ်ကို အနိုင်ရခဲ့သည့် အက်သလက်တီကို ကိုပါဒယ်ရေးကွာတားဖိုင်နယ်တွင် ဘာစီလိုနာနှင့် တွေ့မည်



စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ (၁၆)သင်းအဆင့်၌ မြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းအား အိမ်ကွင်း၌ ဧည့်ခံကစားခဲ့ရသည့် ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ ဘာနေဗျူးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဒုတိယအကျော့တွင်လည်း တိုက်စစ်မှူးတောရက်စ်၏ သွင်းဂိုးနှစ်ဂိုးဖြင့် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်မည့် အခွင့်အရေးရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးတောရက်စ်သည် ပထမအကျော့တွင် ဂိုးမသွင်းနိုင်ခဲ့သော်လည်း ယခုဒုတိယအကျော့တွင်မူ ပထမပိုင်းပွဲကစားချိန် တစ်မိနစ်မှာပင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၄၆ မိနစ်တွင် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူးတောရက်စ်သည် ယခုပွဲစဉ်တွင် ၂၀၁၄ တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို မကြာမီအချိန်ကမှ ရယူဆွတ်ခူးနိုင်ခဲ့သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ ရီးယဲလ်မက်ဒရစ် အသင်းကို နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ်၏ တစ်နှစ်တာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ရယူဆွတ်ခူးနိုင်မည့် ကစားသမားအဖြစ် ထင်ကြေးပေးမှုများလည်း ရှိလာခဲ့သည်။

တောရက်စ်သည် ၂၀၀၁ မှ ၂၀၀၇ ခုနှစ်အထိ အက်သလက်တီကိုမက်ဒရစ် အသင်းတွင် ကစားခဲ့ရာ၌ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာနေဗျူးကွင်း၌ ဆုံတွေ့ခဲ့ရာတွင် သွင်းဂိုးတစ်ဂိုးမျှ မသွင်းယူနိုင်ခဲ့ဘဲ အငှားစာချုပ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် ယခုနှစ်တွင်မူ ရီးယဲလ်မက်ဒရစ်၏ ဘာနေဗျူးကွင်းထဲတွင် နှစ်ဂိုးသွင်းယူကာ အက်သလက်တီကိုမက်ဒရစ်အသင်း၏ ကွာတားဖိုင်နယ်အဆင့်တက်လှမ်းရေးကို အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့သည်။

အခြားစပိန်ကိုပါဒယ်ရေးဖလား(၁၆)သင်းအဆင့် ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘာစီလိုနာအသင်းနှင့် အဲချီအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအနေဖြင့်အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ကွာတားဖိုင်နယ်အဆင့်တွင် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။

■

## အာဆင်နယ်ကစားဖော်များဖြစ်သည့် အာတီတာနှင့် ဒီဘူချီတို့ သုံးလနားရ

အာဆင်နယ်ကစားဖော်များဖြစ်သည့် အာတီတာနှင့် ဒီဘူချီတို့မှာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် သုံးလခန့် အနားယူရမည်ဟု အသင်းဝက်ဘ်ဆိုက်မှ တစ်ဆင့်နည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

အသက် (၃၂) နှစ်အရွယ် ကွင်းလယ်ကစားသမား အာတီတာက ဘယ်ဘက်ခြေချင်းဝတ်ဒဏ်ရာမှာ သက်သာလာခြင်းမရှိဘဲ ဆိုးရွားလာသဖြင့် လအတန်ကြာ အနားယူရမည်ဖြစ်သကဲ့သို့ ဒီဘူချီမှာလည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့်အနားယူခဲ့ရာမှ စတုတ်စီးတီးနှင့်ပွဲတွင် ပခုံးဒဏ်ရာထပ်မံရရှိခဲ့ရာ ခွဲစိတ်ကုသမှုခံယူရတော့မည်ဖြစ်သဖြင့် အာစင်ဝင်းဂါးအနေဖြင့် ပွဲကျပ်ကာလများကို ရင်ဆိုင်ရန် ခက်ခဲသွားခဲ့သည်။

ဒီဘူချီ၏ ဒဏ်ရာနှင့်ပတ်သက်၍ အာစင်ဝင်းဂါးက "တကယ့်ကို မယုံနိုင်စရာပဲ၊ သူ့အနေနဲ့ တစ်ရာသီထဲမှာ ခွဲစိတ်မှုနှစ်ခါတောင်လုပ်ရမယ်၊ သူပြန်ပြီးပါဝင်လာတဲ့အချိန်မှာ အကောင်းဆုံး ကစားပေးနိုင်ခဲ့ပြီး အခုလိုဒဏ်ရာထပ်ရသွားတာက ကျွန်တော်တို့အသင်းအတွက် တကယ့်ကိုအကျပ်ရိုက်စေပါတယ်"ဟု ပြောကြားခဲ့သည်။

ဒီဘူချီသည် ၂၀၁၄ ခုနှစ် ဇူလိုင်က နယူးကာဆယ်အသင်းမှ အာဆင်နယ်သို့ပေါင် ၁၂ သန်းဖြင့် ရောက်ရှိလာပြီး ၁၂ ပွဲသာ ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။ အာဆင်နယ်တွင် အခြားဒဏ်ရာရကစားသမားများဖြစ် ကီရန်ဂစ်ဘ်စ်၊ ဝဲဘတ်၊ ဝီရှိုင်းယား၊ ဒီယာဘီတို့လည်း ဒဏ်ရာရရှိနေကြရာ နည်းပြ အာစင်ဝင်းဂါး အတွက် ခေါင်းခဲစရာဖြစ်ခဲ့သည်။

## မန်ချက်စတာယူနိုက်တက်အသင်း၏ လက်ရှိ အသုံးပြုနေသော ၃-၅-၂ ကစားကွက်အပေါ် ပေါလ်စခိုးဝေဖန်

ဇန်နဝါရီ ၁၁ ရက်က ဆောက်သမ်တန်အသင်းအား ၁-၀ ဂိုးဖြင့် အိမ်ကွင်းတွင်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဗန်ဟားလ်အသုံးပြုခဲ့သော ၃-၅-၂ ကစားကွက်အပေါ် ပေါလ်စခိုးက ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ "ကျွန်တော့်အမြင် ၃-၅-၂ ကစားကွက်က ဘောလုံးပိုင်ဆိုင်မှုနဲ့ နောက်တန်းကိုပိုပြီးတော့ လုံခြုံစေပြီး အသင်းနိုင်ပွဲရအောင် ဂိုးတွေသွင်းဖို့အဆင်ပြေတဲ့ ကစားကွက်တော့မဟုတ်ဘူး၊ ဒီကစားကွက်က ဂိုးရဖို့ တော်တော်ခက်ခဲတဲ့ ကစားကွက်ပဲ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက "ကျွန်တော့်အနေနဲ့ လီဗာပူးအသင်း ၁၉၉၅ ခုနှစ်အလွန်ကာလတွေမှာ ဒီလို နည်းစနစ်တူတဲ့ ကစားကွက်ကိုအသုံးပြုခဲ့ဖူးပါတယ်၊ ၁၉၉၆ အက်အေဖလား ဗိုလ်လုပွဲမှာ သူတို့က ဒီကစားကွက်ကို သုံးခဲ့တာကြောင့် ကျွန်တော်တို့အနေနဲ့ ဘောလုံးကိုကန်ခွင့်တောင်ရပါ့မလားလို့ စိတ်ပူခဲ့ရ တယ်။ အဲဒီပွဲမှာ သူတို့က ဘောလုံးပိုင်ဆိုင်မှုအများကြီးသာခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ ယုံကြည်ချက်တစ်ခုရှိတာက မန်ယူအသင်းက တောင်ပံနှစ်ဖက်စလုံးက ထိုးဖောက်တိုက်စစ်ဆင်နိုင်တယ်၊ ပြီးတော့ တိုက်စစ်မှူး စစ်စစ်အနေနဲ့လည်း လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်တယ်၊ ဒါက အခွင့်အရေးတွေအများကြီးသာသွားပြီး အနိုင်ဂိုးကို ကျွန်တော်တို့သွင်းယူနိုင်ခဲ့တယ်"ဟု ၎င်း၏ အတွေ့အကြုံနှင့်ယှဉ်၍ ရှင်းပြခဲ့သည်။

ထို့ကြောင့် ၃-၅-၂ ကစားကွက်မှာ မန်ယူအသင်းနှင့်သင့်လျော်သည့် ကစားကွက်မျိုးမဟုတ်ဘဲ လုခ်ရှောအား ဘယ်တောင်ပံသို့ထွက်ပြီး ကစားစေခြင်းကို ပြုလုပ်၍ ဗလင်စီယာအနေဖြင့် ပိုမိုကောင်းစွာလှုပ်ရှားကစားနိုင်သည်ဟုပြောကြားခဲ့သည်။



## မေဝယ်သာနှင့်ထိုးသတ်ရန် ပက်ကွီရင်အို သဘောတူလိုက်ပြီ

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီရင်အိုသည် လက်ဝှေ့လောက၌ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည့် မေဝယ်သာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် ဖလွိုက်မေဝယ်သာသည်လည်း နာမည်ကြီးလက်ဝှေ့သမား ပက်ကွီရင်အိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေခဲ့သူဖြစ်သည်။

ပက်ကွီရင်အိုသည် မေဝယ်သာနှင့် ပွဲစဉ်ကို ယခုဇန်နဝါရီလမကုန်မီ ကြေညာသွားမည်ဟု ကြေညာခဲ့ပြီး ပက်ကွီရင်အိုနှင့်မေဝယ်သာတို့သည် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီခဲ့ပြီးနောက် လက်ဗီးဂတ်စ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ထို့ပြင် ပက်ကွီရင်အိုအနေဖြင့် မေဝယ်သာယှဉ်ပြိုင်လိုသည့် မေ ၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ်များဆေးရုံ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများအလိုရှိပါသည်။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ရန်ကုန်တက္ကသိုလ်များဆေးရုံသို့ ကွင်းဆင်းတိုင်းထွာ တွက်ချက် ပြီး ဆိုင်ရာဆေးရုံအုပ်၏ ကွင်းဆင်းကြောင်း ထောက်ခံချက်ပါမှသာလျှင် ရွေးချယ်ရန် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။


| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - ၁၅-၁-၂၀၁၅ ရက် |
| တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက် | - ၂၉-၁-၂၀၁၅ ရက် (ညနေ ၄ နာရီ) |
| တင်ဒါတင်သွင်းရမည့်နေရာ | - ရန်ကုန်တက္ကသိုလ်များဆေးရုံ ကမာရွတ်မြို့နယ်၊ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်မည့်နေ့ရက် | - ၃၀-၁-၂၀၁၅ရက် (မွန်းလွဲ ၂နာရီ) |

(တင်ဒါဖွင့်ပွဲမတက်ရောက်သည့်ကုမ္ပဏီကို ရွေးချယ်ခြင်း ပြုမည်မဟုတ်ပါ)


အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ် ရန်ကုန်တက္ကသိုလ်များဆေးရုံ၊ တယ်လီဖုန်းအမှတ်-၀၁-၅၃၅၅၄၁၊ ၀၉-၃၀၃၆၃၆၉၉သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့








ကြော်ငြာ

# MPT

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သည် ဖွေသဟာ ဝန်ဆောင်မှု အသစ် နှင့် Voice & Internet Packages တို့ကို ချိုသာသော နှုန်းထား ၊ ပိုမို မြန်ဆန်သော အင်တာနက် မြန်နှုန်း တို့ဖြင့် ဝန်ဆောင်မှု ပေးနေပြီ ဖြစ်ပါ သည်။

## ဝန်ဆောင် မှု အသစ်ကို ရယူရန် လမ်းညွှန်ချက်များ

**အဆင့် ၁** — ဖွေသဟာ ဝန်ဆောင်မှု မှတ်ပုံတင်ခြင်း အခမဲ့ (To: 1332 SWE)

**အဆင့် ၂ (ရွေးချယ်ရန်)** — Voice & Data packages ကို မှတ်ပုံတင်ရန်

**Swe Thahar**

- ပိုမြန်သော အင်တာနက်

**Voice Package** (To: 1332 480MIN)

- MPT ဖုန်းများကို ခေါ်ဆိုခြင်း ၄၈၀မိနစ်
- ၁,၂၀၀ ကျပ်
- သက်တမ်း ၃၀ ရက်

**Internet Package** (To: 1332 400MB / To: 1332 1GB)

| 400 MB | 1 GB |
|---|---|
| ၅၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| သက်တမ်း ၃၀ ရက် | |

## SMS

MPT သုံးစွဲသူများ(GSM / WCDMA) အတွက် SMS ပေးပို့ ရမည့် သင်္ကေတ စာရင်း

| | | | | PREPAID သုံးစွဲသူများ အတွက် | POSTPAID သုံးစွဲသူများ အတွက် |
|---|---|---|---|---|---|
| Swe Thahar | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | SWE | POSTSWE |
| | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | ADD 09XXXXXX | POSTADD 09XXXXXX |
| | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | CHECKTAV | POSTCHECKTAV |
| | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | MODIFY 09XXXXXX 09YYYYYY | POSTMODIFY 09XXXXXX 09YYYYYY |
| | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | UNSUB SWE | POSTUNSUB SWE |
| Internet package | 400MB PACKAGE [illegible] | ၅၀၀၀ကျပ် | 1332 သို့ SMS ပို့ပါ | 400MB | POST400MB |
| | 1GB PACKAGE [illegible] | ၁၀၀၀၀ကျပ် | 1332 သို့ SMS ပို့ပါ | 1GB | POST1GB |
| Voice package | 480MIN PACKAGE [illegible] | ၁,၂၀၀ကျပ် | 1332 သို့ SMS ပို့ပါ | 480MIN | POST480MIN |
| Balance | [illegible] | အခမဲ့ | 1332 သို့ SMS ပို့ပါ | BAL | BAL |
| | | | [illegible] | *124# | - |

CALL CENTER 106

# မော်လမြိုင်–ရန်ကုန် အမြန်ရထားပေါ်တွင် တင်ဆောင်လာသည့် ပြည်ပနိုင်ငံထုတ် တရားမဝင်ကုန်ပစ္စည်းမျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၁၆**

မြဝတီမှရန်ကုန်၊ မော်လမြိုင်မှ ရန်ကုန်သို့ ဝင်ရောက်လာသော အမြန်ရထားတွင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ကန့်သတ်ပစ္စည်းများတင်ဆောင်လာသည်ဟု သတင်းအရ ဇန်နဝါရီ၁၄ရက်နံနက် ၃နာရီတွင် ဆိုက်ရောက်လာမည့် မော်လမြိုင်-ရန်ကုန် အမြန်ရထားအား တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟို ကော်မတီ ကွပ်ကဲမှုရုံး၊ ကွပ်ကဲမှုတာဝန်ခံဦးစီး Mobile Team အဖွဲ့နှင့် မြန်မာ့မီးရထားအဖွဲ့တို့ ပူးပေါင်းစောင့်ဆိုင်းခဲ့ရာ အဆိုပါနေ့ နံနက် ၅ နာရီ၄၅ မိနစ်တွင် အဆိုပါရထားဆိုက်ရောက်ချိန် ၌ အဖွဲ့စုံဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးခဲ့ရာ ရထားဂတ်ဗိုလ်တွဲတွင် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိခဲ့ရသည်။

ယင်းရထားပေါ်၌တွေ့ရှိသည့် ကုန်ပစ္စည်းများမှာ အိန္ဒိယနိုင်ငံထုတ် Jag Mag (Tobacco) ဆေးရွက်ကြီးပေါင်းကွမ်းစားဆေး ပါကင်ထုပ် ၃၀ (တစ်ထုပ်လျှင် ၁၀ ဘူးပါ) ထိုင်းနိုင်ငံထုတ် အချိုမှုန့်များမှာ တစ်ထုပ်လျှင် ၄၅ ကီလိုဂရမ်ပါ ၁၈၅ ထုပ်၊ အဝတ်အထည်ဟောင်း ၁၀၀ ကီလိုဂရမ် ၅၄ ထုပ်၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၈၁၈ သိန်းကျော်ကို ဖမ်းဆီးရမိခဲ့သည်။

အကောက်ခွန်အမှုတွဲဖွင့်ရန်ကျန်ရှိသည့် ဖမ်းဆီးရမိကုန်ပစ္စည်းများမှာ Lactogen (လက်တိုဂျင်)နို့မှုန့် ၆၅၀ ကီလိုဂရမ်ပါ ၁၂၀ ဘူး၊ LCD TV မျိုးစုံ ၂၃၈ လုံး၊ ပလတ်စတစ်ဖျာ ၃၁၈ ချပ်၊ မိန်းမစီးဖိနပ် ၁၁၃၄ ရန်၊ ကော်ဖီမစ် (Master Cop) ၁၄၉ ထုပ်၊ Non Dairy Creamer Coffee (၁၀၀)ဂရမ်ပါ ၁၃၂ ထုပ်တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ၄-ကက (လရ-ရထား)/ ၂၀၁၅(၀၀၁)ဖြင့် အမှုတွဲဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနသို့လှောင်ရုံသို့ လွှဲပြောင်းအပ်နိုင်ခဲ့ပြီး တန်ဖိုးမသင့်နိုင်သေးသည့် တရားမဝင် ကုန်ပစ္စည်းများကိုလည်း အကောက်ခွန်အမှုတွဲဖွင့်လှစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခြင်းနှင့် တရားမဝင်ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# ထီးလင်းမြို့နယ်အတွင်း ကားလမ်းအနီး တဲပြို၍ လူနှစ်ဦးသေဆုံး

**ထီးလင်း၊ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျော်ထုကျေးရွာ အရှေ့ဘက်ကျင်း-ပေါက်သွားကားလမ်းမိုင်တိုင် အမှတ်၆၉/၃နှင့် ၆၉/၄အကြားတွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၆ နာရီခွဲက လမ်းဘေးတဲပြိုပြီး လူနှစ်ဦးသေဆုံးနေကြောင်းသတင်းအရကျင်းနယ်မြေရဲစခန်းမှူးရဲအုပ်တင်အေးနှင့်အဖွဲ့က အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာအောင်နိုင်ထွန်း (၂၁)နှစ်၊ ပေခုနှစ်ပင်ကျေးရွာ ပေါက်မြို့နယ်နေသူနှင့် ၎င်း၏ဇနီးဖြစ်သူမအေးအေး (၁၈)နှစ်တို့ဖြစ်ကြပြီးအောင်နိုင်ထွန်းတွင် ဦးခေါင်းရှေ့ချိုင့်ဝင်၊ ယာနားသွေးထွက်၊ နှာခေါင်းသွေးထွက်၊ ယာပါးရိုးညိုမည်းဒဏ်ရာနှင့် မအေးအေးတွင် ဝဲဘက်ဦးခေါင်း ပိပြားသွေးထွက်ဒဏ်ရာတို့ဖြင့်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရဲအုပ်တင်အေးက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ထီးလင်းမြို့နယ်၊ ကျင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်နေကြောင်းသိရသည်။

**ကျော်ဇေယျ**

# လက်နက်ပုန်းကိုင်ဆောင်သူ ငါးဦးတွေ့ရှိ ဓားမြှောင်ငါးချောင်းသိမ်းဆည်းရမိ

**တောင်ငူ၊ ဇန်နဝါရီ ၁၆**

တောင်ငူမြို့ (၁၉)ရပ်ကွက် ရန်ကုန်-မန္တလေး၊ ကားလမ်း ဆေးရုံရှေ့မီးပွိုင့်လမ်းဆုံနှင့် အမှတ်(၈)ရပ်ကွက် ရန်ကုန်-မန္တလေးလမ်း မင်းကြီးညိုရုပ်တုလမ်းဆုံတို့တွင် တောင်ငူမြို့နယ်ရဲတပ်ဖွဲ့နှင့် နယ်မြေခံမြို့မရဲစခန်းမှတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ ရပ်မိရပ်ဖများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဇန်နဝါရီ၁၅ ရက် ည ၆ နာရီမှ ၈ နာရီအထိမော်တော်ဆိုင်ကယ်များအားပိတ်ဆို့ရှာဖွေစဉ် လက်နက်ကိုင်ဆောင်ထားမှုများတွေ့ရှိခဲ့ကြောင်းသိရသည်။

ယင်းသို့ရှာဖွေစစ်ဆေးစဉ် တောင်ငူမြို့ ဇောတိကျေးရွာနေ အောင်အောင်ဇော် (၂၀နှစ်) ကျပန်းလုပ်ထံမှ အရိုးအသွား၁၀လက်မရှိ ဓားမြှောင်တစ်ချောင်း၊ အမှတ်(၂၃)ရပ်ကွက်နေ အေးကျော်(၃၈နှစ်)ပန်းရန်လုပ်ထံမှ အရိုးအသွားကိုးလက်မရှိ ဓားမြှောင် တစ်ချောင်း၊ အမှတ်(၃) ရပ်ကွက်နေ ငြိမ်းချမ်းအောင် (၁၉နှစ်) ဆိုင်ကယ်ကယ်ရီမောင်းထံမှ အရိုးအသွား ၁၁ လက်မရှိ ဓားမြှောင်တစ်ချောင်း၊ ကရင်ချောင်း ကျေးရွာနေဖိုးအေး ( ၃၆နှစ်) ဈေးရောင်းထံမှ အရိုးအသွားရှစ်လက်မဓားမြှောင်တစ်ချောင်း၊ အမှတ် (၁၉) ရပ်ကွက်နေ သီဟစိုးလင်း (၂၁နှစ်) ပန်းရန်လုပ်ထံမှ အရိုးအသွား ၁၀လက်မ ဓားမြှောင် တစ်ချောင်း စုစုပေါင်း ငါးချောင်းအား သိမ်းဆည်းခဲ့သည်။

အဆိုပါ လက်နက်ပုန်းကိုင်ဆောင်သူများအား တောင်ငူမြို့မရဲစခန်းက လက်နက်ကိုင်ဆောင်မှု ပုဒ်မ၁၉(င) ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ကျော်စွာ(တောင်ငူ)**

# တရားမဝင်တူးဖော်သည့် ရေနံတွင်းအနီး မီးလောင်မှုဖြစ်

**မင်းလှ၊ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမှော် မြကင်းတောင်ခြေတွင် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မင်းလှမြို့ မြို့မရဲစခန်းမှ ရဲအုပ်အောင်မင်းထွေးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ မြကင်းတောင်ခြေတွင် တရားမဝင်ရေနံတူးဖော်နေသော ရေနံတွင်းမှ ကုလား (ခေါ်) ဇော်ဝင်း (၄၁)နှစ် ရေနံတူးလုပ်သား၊ စံပြကျေးရွာ၊ ပွင့်ဖြူမြို့နယ်နေသူမှ ရေနံတွင်းအနီးရှိရေနံစိမ်းကန်မှ ၎င်းပိုင် (ယာဉ်အမှတ်စုံစမ်းဆဲ) ဖောလ်ကားယာဉ်ပေါ်ရှိ ပေပါများအတွင်းသို့ ဟွန်ဒါအင်ဂျင်ဖြင့်စုပ်တင်စဉ် စက်၏အိပ်ဇောပေါ်သို့ ရေနံများဖိတ်စဉ်ကျရာမှ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားကြောင်းသိရသည်။

အဆိုပါ မီးလောင်မှုကြောင့် အင်ဂျင်စက်နှင့်ရေနံစိမ်းတစ်ပီပါ၊ တန်ဖိုးကျပ် ၁၆၀၀၀၀ ခန့်ဆုံးရှုံးခဲ့သဖြင့် တရားမဝင်ရေနံတူးဖော်လုပ်ကိုင်သူ ကုလား(ခေါ်)ဇော်ဝင်းအား ရဲအုပ်အောင်မင်းထွေးက တိုင်တန်းခဲ့သောကြောင့် မင်းလှမြို့မရဲစခန်းက နိုင်ငံတော်ပိုင် စီးပွားရေးကာကွယ်ရေးအက်ဥပဒေပုဒ်မ ၉ ဖြင့် လည်းကောင်း၊ပုဒ်မ ၂၈၅ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ကျော်ဇေယျ**

# မီးလောင်သေဆုံးသွားသည့် ကလေးနှစ်ဦးအတွက် နောင်ချိုမြို့မရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေပေးအပ်

**နောင်ချို၊ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ဈေးရပ်ကွက် နယ်မြေ(၁၀)တွင် နေထိုင်သူ ဦးစည်သူမောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်တို့၏ နေအိမ်၌ ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခွဲက ဖယောင်းတိုင်မှတစ်ဆင့် နေအိမ်ထရံအားမီးကူးစက်လောင်ကျွမ်းမှုကြောင့် သား မောင်ဖိုးတီလုံး(ခ) မောင်ကျော်ဝင်းချစ် လေးနှစ်နှင့် သမီးဖြစ်သူ မချစ်မြတ်နိုးနိုင် အသက် ခုနစ်နှစ် ပထမတန်းကျောင်းသူတို့ နှစ်ဦး မီးလောင်သေဆုံးသွားခဲ့သဖြင့်ထောက်ပံ့ငွေပေးအပ်ပွဲကို နောင်ချိုမြို့ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၁၆ ရက်၌ ကျင်းပရာ ကျောက်မဲခရိုင် နောင်ချိုမြို့မစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်မှ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ခိုင်အား ထောက်ပံ့ငွေကျပ်တစ်သိန်းတစ်သောင်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။


**စိုးဝင်း(နောင်ချို)**




**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်-7F/2358 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)



# SPPRG မှချောင်းမကျေးရွာ ထာဝရမေတ္တာအသင်းအတွက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀ ထောက်ပံ့ပေးအပ်

**ချောင်းဦး၊ ဇန်နဝါရီ ၁၆**

လူမှုရေးဆိုင်ရာ သုတေသနအဖွဲ့ (SPPRG) မှ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နွယ်ခွေ ကျေးရွာအုပ်စု ချောင်းမကျေးရွာ၏ ထာဝရမေတ္တာ လူမှုကူညီရေးအသင်းအတွက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက ချောင်းမကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ပုံငွေ ပေးအပ်ပွဲတွင် သုတေသနအဖွဲ့ (SPPRG) မှ ဒါရိုက်တာ ဒေါက်တာအောင်နိုင်က စီမံကိန်း လုပ်ငန်းစဉ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး သဘောတရားများကို ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းတာဝန်ခံ မန်နေဂျာ ဒေါ်အိအိသူက သုတေသနအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ချောင်းဦးမြို့နယ်အတွင်းမှ ကျေးရွာ ၂၀ ခန့်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ သုတေသနပြု ကွင်းဆင်းပြီး နည်းပညာများ ပံ့ပိုးပေးခဲ့ကြောင်း၊ ယင်းကျေးရွာများအနက်မှ ချောင်းမကျေးရွာ ထာဝရမေတ္တာ လူမှုကူညီရေးအသင်းသည် သုတေသနအဖွဲ့ (SPPRG)မှ ပံ့ပိုးပေးသည့် နည်းပညာများနှင့်အညီ ကျေးရွာပြည်သူများ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ လည်ပတ်ရန်ပုံငွေများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က မြို့နယ်အတွင်းမှ ကျေးရွာများရှိ လူမှုကူညီရေးအသင်းများ၏ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး (SPPRG)အဖွဲ့မှ ဒါရိုက်တာ ဒေါက်တာအောင်နိုင်နှင့် စီမံကိန်းမန်နေဂျာ ဒေါ်အိအိသူတို့က ထာဝရ မေတ္တာလူမှုကူညီရေး အသင်းအတွက် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး နွယ်ခွေကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဖိုးထိက ကျေးဇူးတင်စကား ပြောကြားပြီး ထာဝရမေတ္တာလူမှုကူညီရေးအသင်းအဖွဲ့ဝင် ဦးစိန်သန်းက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အကြောင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ယုယုဝင်း**

# ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှု စုပေါင်းလုပ်အားပေး

**သထုံ၊ ဇန်နဝါရီ ၁၆**

သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု အတွင်းရှိ ဝင်းပရွာကြီးနှင့် ရွာသစ်တို့ကို ဆက်သွယ်ပေးမည့် ရွာတွင်းလမ်းကလေးအား ချဲ့ထွင်ကာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ လမ်းခင်းခြင်းကို ဒေသခံများစုပေါင်း၍ နေ့စဉ်လုပ်အားပေးနေကြောင်း သိရသည်။

“ငွေအင်အားက မလုံလောက်တော့ ဆရာတော်က ဦးဆောင်ပြီး စုပေါင်းလုပ်အားပေးလာတာ ခုဆို တစ်လခွဲကျော်ပြီ။ ငွေကုန်သက်သာအောင် ကျောက်တွေ၊ သဲတွေကို ချောင်းတွေထဲက လိုက်စုဆောင်းပြီး လုပ်ရတာ အားလုံးကောင်းဖို့အတွက် ခုလို စုပေါင်းလုပ်ရတာ ပျော်ဖို့လည်းကောင်းပါတယ်” ဟု လမ်းခင်းရာတွင်ပါဝင် လုပ်အားပေးသူ ဦးသိန်းသန်းက ပြောသည်။

အဆိုပါလမ်းကို နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဒေသဖွံ့ဖြိုးရေးအတွက် ခွင့်ပြုငွေ ကျပ်သိန်း ၁၂၀ ဖြင့် ဒေသခံရွာသားများက စုပေါင်းလုပ်အားပေးကာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၁၅၀၀ တည်ဆောက်ခြင်းဖြစ်ပြီး လမ်းတစ်လျှောက်တွင် ပေ ၅၀ ခန့်ရှိ ချောင်းကူးတံတား နှစ်ခုကို ထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်သည်။

“ဒူးရင်း၊ မင်းကွတ်၊ နာနတ် စတဲ့ ရွာက ခြံထွက်သီးနှံတွေကို ဒိုင်တွေက လာဝယ်ရင် သယ်ယူရခက်တာကို အကြောင်းပြပြီး ဈေးနှိမ်ကြတယ်။ ကိုယ်တိုင်သွားရောင်းကြဖို့ကလည်း ခက်ခဲတော့ ရွာသားတွေမှာ သူတို့ပေးသလောက်နဲ့ ရောင်းလိုက်ကြရတာ။ လမ်းပြီးသွားရင်တော့ သွားရောင်းရလွယ်သွားပြီး ရွာသားတွေလည်း ပေါက်ဈေး အမှန်အတိုင်းရကြတော့မှာပါ” ဟု ဝင်းပကျောင်းတိုက် ဆရာတော် ဦးပညာက မိန့်ကြားသည်။

ယခုအခါ လမ်းခင်းကျင်းမှုမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ယင်းလမ်းပြီးစီးပါက ဒေသတွင်းမှ ထွက်သည့် စိုက်ပျိုးရေးထွက်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် မြို့သို့ သယ်ယူရောင်းချနိုင်တော့မည်ဖြစ်သည်။

**သက်ဦး(သထုံ)**

# GSM တာဝါတိုင်များစိုက်ထူထားသော်လည်း ဆက်သွယ်အသုံးမပြုနိုင်သေး

**သပိတ်ကျင်း၊ ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် GSM တာဝါတိုင် စိုက်ထူထားသည်မှာ ကြာပြီဖြစ်သော်လည်း ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသဖြင့် ဆက်သွယ်ရေးအဆင်ပြေစေရန်ဒေသခံများ မျှော်လင့်နေကြောင်း သိရသည်။

GSM ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူရေးလုပ်ငန်းကို ASIA MEGA LINK ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တာဝါတိုင်များ ဆောက်လုပ်ပြီးစီးခဲ့သော်လည်း စက်ပိုင်းဆိုင်ရာတပ်ဆင်မှုကို ယနေ့အချိန်အထိ မပြုလုပ်နိုင်သေးသဖြင့် မြို့ကွက်သစ် ဌာနဆိုင်ရာရုံးများတည်ရှိရာတွင် စိုက်ထူထားသည့် GSM တာဝါတိုင်ကြီးမှာ အသုံးပြုမရဘဲ တည်ရှိနေသည်မှာ ကြာမြင့်နေပြီဖြစ်သည်။

အခြားဒေသများ၌ ဆက်သွယ်ရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်နေချိန်တွင် သပိတ်ကျင်းမြို့၏ တစ်တိုင်တည်းရှိသည့် GSM တာဝါတိုင်မှာ ယနေ့အချိန်အထိ အသုံးပြုခွင့်မရရှိသေးသောကြောင့် ဒေသတွင်း၌ ဝေဖန်မှုများရှိနေကြောင်း သိရသည်။

“ပြည်တွင်းပြည်ပအော်ပရေတာတွေ တိုးချဲ့လုပ်ကိုင်ခွင့်ပေးထားပေမယ့် အူရီဒူးနဲ့ တယ်လီနော ဆက်သွယ်ရေးကဏ္ဍတွေလည်း ကျွန်တော်တို့ဒေသမှာ မရောက်ရှိသေးပါဘူး၊ မြို့ပေါ်မှာ အရင်က PCO အဆင့်ကနေ CDMA 450 နဲ့ CDMA 800 ကို ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းလောက်က စပြီး အသုံးပြုနိုင်ခဲ့တယ်ဆိုပေမယ့် လျှပ်စစ်မီးပြတ်တောက်သွားရင် ဖုန်းလိုင်းပါပျက်သွားပါတယ်။ ခုနောက်ပိုင်းမှာ လျှပ်စစ်မီးမပျက်လည်း CDMA 800 လိုင်းက ပွင့်ချင်တဲ့ အချိန်မှ ပွင့်ပြီး လိုင်းပွင့်ပြန်ရင်လည်း လိုင်းမကြည်တာနဲ့ စကားပြောရင်း လိုင်းခဏခဏပြုတ်ကျနေလို့ PCO ပဲ အားကိုးနေရဆဲပါ” ဟု ဒေသခံတစ်ဦးက ပြောသည်။

သပိတ်ကျင်းမြို့အပါအဝင် တကောင်း၊ ဇရပ်ကွင်းတို့တွင် GSM တာဝါတိုင်သုံးတိုင်ကို စိုက်ထူခဲ့ပြီးဖြစ်သော်လည်း ယနေ့ချိန်အထိ ဆက်သွယ်ရေးစက်များ တပ်ဆင်နိုင်မှုမရှိသေးကြောင်း သိရသည်။

ဆက်သွယ်ရေးကဏ္ဍသည် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး စသည့်ကဏ္ဍစုံကို အထောက်အကူပြုစေပြီး ကျေးလက်နှင့် မြို့ပြကွာဟမှု လျှော့ချရေးတို့အတွက် တစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်နိုင်ရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပမှ အော်ပရေတာများကို လုပ်ကိုင်ခွင့်များပေးကာ သုံးစွဲသူများအား ဝန်ဆောင်မှုပေးထားပြီဖြစ်သည်။



**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ကျေးရွာလျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေများ မြင်းခြံမြို့နယ်တွင် ပေးအပ်

**မြင်းခြံ၊ ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျေးရွာလျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေပေးအပ်ပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က လျှပ်စစ်မီးကို သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်နှင့်အညီ သုံးစွဲကြရန်၊ ယခုပေးအပ်သော ပံ့ပိုးချေးငွေများကို မီတာတပ်ဆင်ရေးတွင်သာ အသုံးပြုရန်၊ အိမ်ထောင်စုတစ်ဦးချင်းစီသို့ စနစ်တကျ ပေးအပ်ရန်နှင့် သတ်မှတ်ကာလတွင် မပျက်မကွက် ပြန်လည်ပေးအပ်နိုင်ရေး ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်က ကျောက်ရန်ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ အိမ်ထောင်စု ၆၀ အတွက် ပံ့ပိုးချေးငွေ ကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ တောင်ရှေ့ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ အိမ်ထောင်စု ၁၃၂ အတွက် ပံ့ပိုးချေးငွေကျပ် ၁၉၈ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ နှင့် အသင်းစုဝန်ထမ်းများ၊ ကျေးရွာနှစ်ရွာမှ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသမဝါယမအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

Dream
EPS-TOPIK



**တိုက်ခန်းရောင်းမည်**
စမ်းချောင်း၊ မင်္ဂလာလမ်း၊ (၂၅'x၅၀')
အမြင့် (၁၂')လွှာချင်း တိုက်၊ မြေညီထပ်
(ပိုင်ရှင်အခန်း) သိန်း ၂၃၀၀(ညှိနှိုင်း)
ဖုန်း-၀၉-၃၁၄၉၃၈၆၉

**စာအုပ်စာပေ လှူမိတ်ဆွေ**

**အမည်မှန်**
ဦးဝင်းသူ[၁၂/တတန(နိုင်)၁၃၆၂၃၃]၏ သမီး အထက(၄) ဗိုလ်တထောင် အဌမတန်း(A)တွင် ပညာသင်ကြားနေသော မဆူးမြတ်နိုး၏ အမည်မှန်မှာ မဆူးမြတ်နိုးဖြစ်ပါကြောင်း။
မဆူးမြတ်နိုး

# မြန်မာပြည်အလယ်ပိုင်း မန်းရွှေစက်တော်ဘုရားဖူးလာစေချင်

à cibef;DJ(ef;ajr)

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မန်းရွှေစက်တော်သည် မကွေးမြို့မှ ၃၇ မိုင်၊ မင်းဘူးမြို့မှ ၃၁ မိုင်၊ နေပြည်တော်မှ ၁၄၄ မိုင်၊ မုံရွာမြို့နယ်မှ ၂၁၀ မိုင်၊ ပုသိမ်မြို့မှ ၂၇၈ မိုင် အကွာအဝေးတွင် တည်ရှိသည်။ ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီး မိုင်တိုင် (၂၇၅) မှ ၃ မိုင်အကွာတွင်တည်ရှိသည်။ မိုးတွင်းကာလတွင် မိုင်တိုင်အမှတ် (၂၇၀) မှ ၈ မိုင် လမ်းခွဲဖြင့် သွားနိုင်သည်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ စစ်တွေမြို့ကြီးများမှ နေ့ချင်းပေါက်ခရီးဖြင့် ဖူးမြော်နိုင်ပေသည်။

ဗုဒ္ဓမြတ်ဘုရား၏ ဘယ်ဘက်ခြေတော်ရာနှစ်ဆူကို ရာသီမရွေး ဖူးမြော်နိုင်ပါသည်။ အထက်ခြေတော်ရာကိုင်ုံ၍ မူလစေတီတော်တည်ထားတော်မူပြီး အနီးကပ်တွင်ခြေတော်ရာ (ပွား) တည်ရှိပါသည်။ မန်းချောင်းအနီး အောက်စက်တော်ရာကို ဖန်အုပ်စောင်းဖြင့် ပူဇော်ထားပါသည်။ အောက်စက်တော်ရာအား ရွှေသက်န်းကပ်လှူရန် ဗုဒ္ဓပူဇနိယပွဲတော်ကာလတွင်သာ ကပ်လှူပူဇော်နိုင်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်တွင် ကျင်းပပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့ ပွဲတော်ပိတ်သိမ်းပါသည်။ ယခုနှစ် ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၅ ရက် (၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်) ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပပြီး မြန်မာနှစ်ဆန်းတစ်ရက် (၂၀၁၅ ခုနှစ် ဧပြီ ၁၇ ရက်) ပွဲတော်သိမ်းမည်ဖြစ်သည်။ ပွဲတော်ကျင်းပရက် ၈၄ ရက်အတွင်း အောက်စက်တော်ရာ ရွှေသက်န်းကပ်လှူခွင့်ရပါမည်ဖြစ်သည်။

မန်းရွှေစက်တော် ဩဝါဒါစရိယဆရာတော် ၉ ပါးကို မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ ကော်မရှင်ဖွဲ့စည်းပေးပြီး ရွေးချယ်တာဝန်အပ်နှင်းခဲ့သည်။ မန်းရွှေစက်တော် ဘက်စုံမွမ်းမံပြုပြင်ရန် နှစ်စဉ် စီမံခန့်ခွဲရေးကိစ္စများကို မန်းရွှေစက်တော်ဂေါပကအဖွဲ့ စုံညီအစည်းအဝေးဆုံးဖြတ်ချက်များကို မန်းရွှေစက်တော် ဩဝါဒါစရိယဆရာတော်များနှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်စုစုပေါင်း ၁၈ ပါးထံမှ ဩဝါဒခံယူကြသည်။

ဩဝါဒခံယူသော ဆုံးဖြတ်ချက်များကို ဒေသဆိုင်ရာတာဝန်ရှိသူ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပါသည်။ မန်းရွှေစက်တော် ဂေါပကအဖွဲ့ဝင်များကို မြို့နယ်သံဃနာယကအဖွဲ့ မန်းရွှေစက်တော်ဩဝါဒါစရိယဆရာတော်များနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက ရွေးချယ်ပေးပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးပါသည်။ မန်းရွှေစက်တော်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီ ဖွဲ့စည်းထားသည်။ ဗုဒ္ဓမြတ်ဘုရား၏ ခြေတော်ရာနှစ်ဆူကို ဖူးရမည်ဖြစ်ပါသည်။ ရွှေစက်တော်ဘေးမဲ့တောနှင့် အညာဒေသ အစည်ကားဆုံးဘုရားပွဲတော်ကြီးကို တွေ့မြင်ရမှာဖြစ်ပြီး ရွှေသမင်နှင့် ကြယ်လိပ်ပြခန်းလည်း တွေ့နိုင်မည်။

ဂေါပကအဖွဲ့ဝင် ဦးမြင့်အောင်ပြောပြသော အောင်မြေများမှာ ရွှေစက်တော်သို့ ဗုဒ္ဓမြတ်ဘုရား ပထမဦးဆုံးကြွတော်မူရာ သစ္စဒီပကစေတီ (ပထမအောင်မြေ)၊ ဒုတိယကြွတော်မူပြီး ခြေတော်ရာချတော်မူရာ အောက်စက်တော်ရာ (ဒုတိယအောင်မြေ)၊ တတိယကြွတော်မူသောနေရာ အထက်စက်တော်ရာ ခြေတော်ရာငုံထားသော မူလစေတီ (တတိယအောင်မြေ)၊ အနီးကပ်ခြေတော်ရာပွား (စတုတ္ထအောင်မြေ)၊ ဒုတိယစေတီ (ပဉ္စမအောင်မြေ) မုဆိုးတောင်စေတီ (ဆဋ္ဌမအောင်မြေ)၊ ကိုးခန်းကြီးဓမ္မာရုံ မဟာမြတ်မုနိရုပ်ပွားတော် မှန်တံခါးဝင်ပေါက်အဖြူဝိုင်းလေးမှ ခြေလှမ်းကိုလှမ်းနေရာ (သတ္တမအောင်မြေ) ပတ္တမြားဆရာတော် ၃၁၈ ဆူ ထီးတော်တင်ထားသော နှစ်ကျပ်ရှစ်ဆူစေတီ (အဋ္ဌမအောင်မြေ)၊ အောက်စက်တော်ရာအထက် တောင်းပန်ရစေတီ (နဝမအောင်မြေ) ဟု ကြားသိရသည်။ အောင်မြေများတွင် ပဋ္ဌာန်းပစ္စယနိဒေသ ၉ ခေါက်စီရွတ်ဆိုပါက စိတ်ချမ်းသာသည်ဟု ပြောစမှတ်ပြုကြသည်။

အောက်စက်တော်ရာ (အထက်) တွင်တည်ရှိသည့် (နဝမ) အောင်မြေဖြစ်သော တောင်းပန်ရစေတီ တန်ဆောင်းအတွင်း မင်းတုန်းမင်းကျောက်စာအနီး ဂြိုဟ်ပြေနံပြေ (ရှစ်မျက်နှာ) ရုပ်ပွားတော်အလှူရှင်က တည်ထားခြင်းဖြစ်သည်။ (ပထမအောင်မြေ)ဟု ပြောကြသော အထက်စက်တော်ရာ သစ္စဒီပကစေတီရင်ပြင်တော်ကို အလှူရှင်မှ ကြွေပြားအသစ်ခင်းထားပါသည်။ အထက်စက်တော်ရာ မုခ်ဦးတန်ဆောင်း သုံးခုလုံးမှာ ဘုရားဖူးများ လာရောက်ဖူးမြော်နိုင်ရန် ပြုပြင်ပြီးစီးကြောင်း ပြောပြပါသည်။ မြန်မာပြည်အလယ်ပိုင်းတွင် အစည်ကားဆုံးနှင့် သုံးလနီးပါး ရက်ရှည်ကျင်းပသော ဗုဒ္ဓပူဇနိယပွဲတော်ကြီး မန်းစက်တော်ရာဘုရားပွဲတော်သို့ ဘုရားဖူးလာစေချင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ နွေရာသီကျောင်းပိတ်ရက်များတွင် လာရောက်ဖူးမြော်ရင်း မြန်မာနိုင်ငံအလယ်ပိုင်း၏ ပထဝီအနေအထားများကို လေ့လာနိုင်သည်။

## စီမံကိန်းဝင်ကျေးရွာများ၌ ကော်မတီများဖွဲ့စည်း

**ဝက်လက် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာသုံးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးမှူးဦးဝင်းဆန်းနှင့်အဖွဲ့က ကွင်းဆင်း၍ ကော်မတီများ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်မှစတင်၍ အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး ဆင်းရဲသော ကျေးရွာများ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ပညာရည်မြင့်မားရေးတို့ ဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများ၏ စိတ်အားထက်သန်မှု ဆောင်ရွက်နိုင်မည့် အလားအလာရှိသည့် ကျေးရွာများကို ဦးစားပေးသတ်မှတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖြစ် ကျပ်သိန်းသုံးရာစီရရှိမည်ဖြစ်ပြီးရွေးချယ်ခံကော်မတီများကအရင်း မပျောက်လည်ပတ်ရန်ပုံငွေစနစ်ဖြင့်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ **နန်းမြင့်**

# ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ တည်ဆောက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီး



**ဗန်းမောက်၊ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံထုံကျေးရွာအုပ်စု မံထုံကျေးရွာတွင် ဒေသခံများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော (၁၆) ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံမှာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ (၁၆) ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံတည်ဆောက်ရန်အတွက် ဆေးရုံဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကာ မံထုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးတင်ထွန်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ စုပေါင်းကာ ငွေကျပ်သိန်း ၃၅၀ မတည်ပြီး ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်ခဲ့ကြောင်း၊ ဆေးရုံဖြစ်မြောက်ရန်အတွက် နယ်စပ်ရေးရာ ဒုတိယဝန်ကြီးက ဘိလပ်မြေအိတ် အလုံးရေ ၁၀၀ ကို လှူဒါန်းခဲ့ပြီး ဒေသခံအလှူရှင်များ၏ ဝိုင်းဝန်းမတည်ငွေမှာ ကျပ်သိန်း ၉၀၀ ခန့်အထိ ရှိပြီဖြစ်ကြောင်း၊ အပြီးသတ် ဆောက်လုပ်နိုင်ရန် ရန်ပုံငွေ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ ဆေးရုံဖြစ်မြောက်ရေး ကော်မတီဝင်များထံမှ သိရသည်။

"ဒီဆေးရုံပြီးစီးအောင် ဆောက်လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဒေသခံကော်မတီဝင်တွေ အလှူရှင်တွေစုပေါင်းပြီးတော့ ကိုယ့်အားကိုယ်ကိုး တည်ဆောက်လာတာ ကျပ်သိန်း ၉၀၀ နီးပါး ရှိသွားပါပြီ။ ပြီးစီးမှုကတော့ ဆေးရုံဝင်းအကျယ် အလျား ပေ ၆၀၀၊ အနံ ပေ ၄၇၀ရှိတဲ့ မြေနေရာမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ရှိတဲ့ ၁၆ ခုတင်ဆံ့ ပင်မဆေးရုံနဲ့ ပေ ၄၀ ပတ်လည်ရှိတဲ့ RC အမျိုးအစား ခွဲစိတ်ဆောင်တစ်ဆောင်တို့ကို ဆေးရုံစံချိန်စံညွှန်းနဲ့အညီ တည်ဆောက်နေတာ ၆၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပါပြီ။ အလှူရှင်တွေတော့ လိုအပ်တာပေါ့ဗျာ။ ပြီးစီးအောင်မြင်သွားအောင် ကြိုးစားပြီး ဆက်လက်ဆောက်လုပ်သွားမှာပါ။ ဆေးရုံသစ် တည်ဆောက်ပြီးစီးတာနဲ့ နိုင်ငံတော်ကို လွှဲပြောင်းပေးအပ်သွားမှာပါ" ဟု အကျိုးတော်ဆောင်အဖွဲ့ဝင် မံထုံကျေးရွာနေ ဦးဖိုးနီ(စစ်မှုထမ်းဟောင်း)က ပြောသည်။

မံထုံကျေးရွာသည် အင်းတော်မြို့နယ်ဆေးရုံနှင့် ၃၆ မိုင်၊ မော်လူးတိုက်နယ်ဆေးရုံနှင့် ၂၁ မိုင်ကွာဝေးသောကြောင့် ဒေသခံများ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန်အခက်အခဲများကြုံနေရသည်။

မံထုံကျေးရွာအုပ်စုသည် ကျေးရွာအုပ်စုခုနစ်စု၊ ကျေးရွာပေါင်း ၂၅ ရွာတွင်လူဦးရေ ၁၁၂၁၄ ဦးခန့်နေထိုင်ကြသည်။ **နီတိုး**

**အမည်ပြောင်း**

ဒေါ်သန်းသန်းဝင်း[၁၂/သကတ(နိုင်)၁၃၄၄၁၃]၏ သမီး မမေမြတ်နိုးခင်၏ အမည်မှန်မှာ မမေမြတ်နိုးခင်ဖြစ်ပါကြောင်း။

မမေမြတ်နိုးခင်

**၁၂-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၀)ပါ ဦးကြည်လင်း၏ တင်ပြလွှဲချက်အရ ဒေါ်ရင်ရင်စန်း (LL.B)အထက်တန်းရှေ့နေ၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၄၉)၊ (၇/အေ)နေ မတင်ဖြိုးအေး[၉/မလန(နိုင်)၁၃၃၂၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁၂-၁၂-၂၀၁၄ရက် ဦးကြည်လင်း၏ ကြော်ငြာချက်မှာ မှန်ကန်မှုမရှိပါ။ တောင်ဒဂုံမြို့နယ်၊ (၁၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၃၈)ရှိ ဧရိယာ(၀. ၀၆၄)ဧက၊ စတုရန်းပေ(၂၈၀၀)ရှိ ဦးအောင်မိုးအမည်ပေါက်မြေကွက်နှင့် တောင်ဒဂုံမြို့နယ်၊ (၁၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၅၃၉)ရှိ ဧရိယာ(၀. ၀၆၄)ဧက၊ စတုရန်းပေ(၂၈၀၀)ရှိ မြေကွက်(၂)ကွက်အား ဦးကြည်လင်းမှ သမီးအရင်းဖြစ်သူ မတင်ဖြိုးအေးအား ၁၁-၁၁-၂၀၁၃ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပြီးအပိုင်ပေးအပ်ပြီး ယင်းသို့ပေးအပ်မှုကို ၁၂-၁၁-၂၀၁၃ရက်စွဲပါ အမှတ်(၁၈၅/၁၃)ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ကျမ်းကျိန်သူအရာရှိထံတွင် လက်မှတ်ရေးထိုး၍ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၂-၁၁-၂၀၁၃ရက်စွဲပါ စာချုပ်အမှတ်-၁၂၉၆၅/၂၀၁၃ ဖြင့် တရားဝင်မှတ်ပုံတင် လွှဲအပ်ထားပြီးဖြစ်ပါ၍ ဦးကြည်လင်းနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါသဖြင့် တရားဝင်လွှဲအပ်ထားသော စာချုပ်စာတမ်းများအား မျက်ကွယ်ပြု၍ ကြေညာခြင်းအားပြန်လည်ရုပ်သိမ်းပေးပါရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ


ဒေါ်မြင့်မြင့်သိန်း **(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၆)


ဒေါ်စုစုခိုင် **(LL.B)** အထက်တန်းရှေ့နေ(စဉ်-၃၂၃၆၄)


တိုက်(၁၀/၁၂)၊ အခန်း(၁၀၄-**H**)၊ ၃၅-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။


**Ph: 01-703240, 09-32094027**













# ခရမ်းဆိပ်–ကိုင်းကြီး–ဗန်းမော်ကားလမ်းမကြီး ကိုယ့်အားကိုယ်ကိုး အသစ်ဖောက်လုပ်

**ဗန်းမော်၊ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မြောက်ပိုင်း မံထုံဒေသစိတ်နှင့် ဗန်းမောက် မြို့ပေါ်သို့ ဆက်စပ်ထားသော ခရမ်းဆိတ်-ကိုင်းကြီး-ဗန်းမောက် ကားလမ်းမကြီးကို ဒေသခံများကိုယ့်အားကိုယ်ကိုး အသစ်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

မံထုံကျေးရွာမှ မဲဇာချောင်း အရှေ့ကမ်းရိုးတစ်လျှောက် အင်းတော်မြို့နှင့် ဗန်းမောက်မြို့တို့သို့ သွားလာနိုင်မည့် ကားလမ်းကြီးတစ်ခု၏ အစိတ်အပိုင်းဖြစ်သော ခရမ်းဆိတ်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာကြား လေးမိုင်ခန့်ရှည်လျားသော ကားလမ်းမကြီးကို အကျယ်ပေ ၃၀ရှိ လမ်းအဖြစ် ခရမ်းဆိတ်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာ ဒေသခံများက ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ စတင်ဖောက်လုပ်ခဲ့ရာ မြေသားလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး နွေမိုးဆောင်း သွားလာနိုင်မည့်ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ခရမ်းဆိတ်ကျေးရွာလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

ယခင်က မံထုံကျေးရွာမှ ခရမ်းဆိပ်ကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ဗန်းမောက်မြို့သို့ သွားမည်ဆိုပါက နွေမိုးဆောင်းရာသီများတွင်မဲဇာချောင်း၊ ညောင်ခြေထောက်ချောင်း၊ ခေါ်ပုတ်ချောင်းတို့ကို ဖြတ်သန်းကာ သွားလာခဲ့ကြရသည့်အတွက် အခက်အခဲများစွာနှင့် ကြုံတွေ့ကြရပြီး အလွယ်တကူဖြတ်သန်းသွားလာနိုင်သည့် ကားလမ်းမကြီးဖြစ်ရန် ဒေသခံများက လိုလားခဲ့ကြသည်။ **ဝ၅၈**

# မူဆယ် ၁၀၅ မိုင်ဂိတ်အဝင်လမ်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်



**မူဆယ်၊ ဇန်နဝါရီ ၁၆**

နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော မူဆယ်ခရိုင် မူဆယ် ၁၀၅ မိုင်စခန်းအဝင်လမ်းတစ်လျှောက်တွင် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်နေသောကြောင့် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးတို့တွင် မလိုလားအပ်ဘဲကြန့်ကြာလျက်ရှိကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့် မိုင်တိုင်အမှတ်(၂၇၁) ရှိ မော်တောင်းရွာအကြား ကားကြီး၊ ကားငယ်များ ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေသည့် နေရာတွင် ယာဉ်စီးရေ တစ်ထောင်ခန့်ရှိသည်ဟု ယာဉ်ကြောအတွင်းပိတ်မိနေသော ယာဉ်မောင်းတစ်ဦးကပြောသည်။

“၁၀၅ မိုင်ဂိတ်ကိုရောက်ဖို့အတွက် တစ်လိမ့်ချင်း သွားနေရတယ်။ အနည်းဆုံး နှစ်နာရီလောက် ကြာတယ်။ ကုန်တင်ကားတွေဆို ညအိပ်စောင့်ရတာတောင်ရှိတယ်။ လမ်းကကျဉ်းပြီး ကားတွေက ကြီးနေတော့ ယာဉ်ကြောတွေ ပိတ်ကုန်တယ်။ ဒီလိုဖြစ်နေတာ နည်းနည်းတောင်ကြာနေပြီ။ အမြန်ဆုံးအဖြေရှာစေချင်ပါတယ်” ဟု မူဆယ်-မန္တလေး ခရီးသည်ပို့ဆောင်ရေး ယာဉ်မောင်းများက ပြောသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသော ကုန်းလမ်း ကုန်စည်စီးဆင်းမှုများမှာ တိုးတက် ဖွံ့ဖြိုးလာခြင်းနှင့်အတူ လယ်ယာထွက်ကုန် တင်ဆောင်သော ယာဉ်များ၊ သစ်သီးဝလံတင်ဆောင်သောယာဉ်များအပါအဝင် ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်များ တစ်နေ့တခြားများပြားလာကာ အတက်၊ အဆင်းကားများ လုယက်မောင်းနှင်ခြင်းဖြင့် စည်းကမ်းပျက်မှုများပြားလာသောကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းဖြစ်ကြောင်း၊ ၁၀၅ မိုင်ဂိတ်မှ ကုန်စည်များစစ်ဆေးရန်ယာဉ်အစီးရေ ကန့်သတ်ထားခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း တည်ဆောက်ထားမှုသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု မရှိခြင်းကြောင့်ဖြစ်ကြောင်း ဝေဖန်ပြောဆိုမှုများလည်းရှိသည်။

“ဒီရက်ပိုင်းမှာ ဖရဲသီးကားတွေ၊ သခွားသီးကားတွေ အဝင်များတယ်။ တစ်ရက်ကို ကားစီးရေ ၄၀၀ လောက်ဝင်တယ်။ ၄၀၀ ကျော်တဲ့နေ့တွေလည်းရှိတယ်။ သရက်သီးပေါ်ချိန်မှာလည်း ဒီလိုဝင်လာဦးမှာ။ အရင်ရက်က သစ်သီးကားတွေကို ဦးစားပေးသွားခိုင်းတာတွေရှိပေမယ့် အခုတော့ ပေးမသွားပြန်ဘူး။ သစ်သီးတွေ ရက်ကြာရင် ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နိုင်တယ်” ဟု မူဆယ်သစ်သီးအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မူဆယ်မြို့ကို ၁၉၉၄ ခုနှစ်မှ စတင်ပြီး ခရိုင်မြို့အဖြစ်သတ်မှတ်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်လာခဲ့ရာ မူဆယ်ကုန်သွယ်ရေးစခန်းတွင် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ ပို့ကုန် ဒေါ်လာသန်းပေါင်း ၂၆၃၉ ဒသမ ၅၈၅၊ သွင်းကုန် ဒေါ်လာသန်းပေါင်း ၁၁၁၈ ဒသမ ဝ၈၂ ရှိရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ လေးဘီလီယံနီးပါး ရှိကြောင်းသိရသည်။ **ဝဝ၂**

# ယာဉ်မတော်တဆမှု လျှော့နည်းကျဆင်းရေး ပူးပေါင်းစစ်ဆေးပညာပေး

**ရေစကြို၊ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် တစ်နေ့တခြားတိုးပွားလာသော ယာဉ်အမျိုးမျိုးနှင့်အတူ ယာဉ်မောင်းနှင်ကြသူ အများစုသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများလည်း တိုးပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆဖြစ်မှုများတွင် ဆိုင်ကယ်ကြောင့်ဖြစ်သော အမှုများ ပိုမိုများပြားကြောင်း သိရသည်။

“မြို့နယ်အတွင်းမှာ စီးပွားရေးဖွံ့ဖြိုးလာတာနဲ့အမျှ ယာဉ်အမျိုးမျိုးလည်း တိုးလာတယ်။ အထူးသဖြင့် ဆိုင်ကယ်တွေပိုများလာတယ်။ ယာဉ်မတော်တဆမှုဖြစ်စဉ်တွေမှာလည်း ဆိုင်ကယ်မှောက်တာ၊ ဆိုင်ကယ်တိုက်တာတွေ ပိုများတယ်။ အဲဒီလို ဆိုင်ကယ်မှောက်၊ ဆိုင်ကယ်တိုက်တာတွေကို သုံးသပ်ကြည့်တဲ့အခါ ဆိုင်ကယ်ဦးထုပ်မဆောင်းတာကို အများဆုံးတွေ့ရပြီးတော့ ဆိုင်ကယ်ဦးထုပ်မဆောင်းလို့ မသေသင့်ဘဲ သေကြရတာတွေ အများဆုံးဖြစ်တာကို လေ့လာသိရှိရပါတယ်။

“ဒါကြောင့် ဒီနေ့မှာ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေရယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဝင်တွေရယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေရယ် ပူးပေါင်းပြီးတော့ ယာဉ်တွေရပ်တန့်စစ်ဆေးပြီး ဆိုင်ကယ်ဦးထုပ်မဆောင်းတဲ့သူတွေရဲ့ မတော်တဆမှုမှတ်တမ်း၊ မှုခင်းဖြစ်စဉ် ဗီနိုင်းဓာတ်ပုံတွေကိုပြသပြီး ပညာပေးသလို ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးစာစောင်တွေကိုလည်းဝေငှပေးပြီး ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နေပါတယ်” ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေက ရှင်းလင်းပြောပြသည်။

**ဖေထွန်းဇော်(ရေစကြို)**

# ကမ်းနားလမ်း သာယာလှပရေး ဆောင်ရွက်ပေးစေလို

**ဘားအံ၊ ဇန်နဝါရီ ၁၆**

ဘားအံကမ်းနားလမ်းသာယာလှပမှုကို မြို့တော်စည်ပင်မှ မြို့တော်သာယာလှပရေးဆောင်ရွက်လျက်ရှိသော်လည်း သမိုင်းဝင် အာဇာနည်ကျောက်တိုင် ဘောလုံးကွင်းရှေ့ရှိ ကမ်းနားလမ်းနေရာတွင် သာယာလှပရေး ဆောင်ရွက်ရန် လစ်လပ်ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါနေရာတွင် ညအချိန် မည်းမှောင်လျက်ရှိကာ နေ့အချိန်တွင်လည်း အလှဆင်ပြုပြင်ထားမှုမရှိ၍ ခြောက်သွေ့နေသဖြင့် သဘာဝသာယာလှပမှုဓာတ်ခံကောင်းသော ထိုနေရာလေးကို မြို့တော်သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေစိတ်ချမ်းသာမှုပေးနိုင်သောနေရာအဖြစ် ဘားအံမြို့တော်စည်ပင်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များက ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း မြို့ခံများကပြောသည်။

သံလွင်မြစ်ကမ်းနားလမ်းတစ်လျှောက် မြို့တော်သူ၊ မြို့တော်သားများ စိတ်အေးချမ်းသာစွာ အပန်းဖြေလမ်းလျှောက်၍ သန့်ရှင်းလတ်ဆတ်သော သံလွင်မြစ်ပြင်မှတိုက်ခတ်လာသည့် လေကောင်းလေသန့်ကို ရှုရှိုက်ရင်း ကိုယ်လက်လှုပ်ရှား အားကစားများပြုလုပ်နိုင်ရန် သံလွင်ဦးပန်းခြံကို ဘားအံမြို့တော်စည်ပင်သာယာရေးအဖွဲ့မှ ဖွင့်လှစ်ပေးထားသည်။


ကရင်ပြည်နယ်သစ်တောဦးစီးဌာနမှလည်း ပြည်သူများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို စိတ်ဝင်စားစေရန် ပျိုးဥယျာဉ်များဖန်တီးပေးထားသည်။

ဘားအံမြို့တော်စည်ပင်မှ အသစ်ပြုလုပ်ထားသော တစ်ရာ့ငါးဆယ်ကွက်သစ်ရှေ့ရှိ ပန်းဥယျာဉ်အသစ်သည်လည်း ဖန်တီးပြုပြင်ထားသော အလှတရားများဖြင့်ပိုမိုလှပတင့်တယ်နေသည်။ သဘာဝသာယာလှပမှုများကို ဖြည့်စွက်ထားပေးခြင်းဖြင့် ညနေချမ်းချိန်များတွင် သံလွင်အနောက်ဘက်ကမ်း တောင်တန်းများ၏ နေဝင်ဆည်းဆာအလှများမှာ နိုင်ငံခြားခရီးသွားများကိုလည်း ဆွဲဆောင်နိုင်စွမ်းရှိ၍ ယင်းပန်းဥယျာဉ်တွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ကရင်ပြည်နယ် ဘားအံမြို့သည် တောင်များပတ်လည်ဝန်းရံနေသော မြို့တစ်မြို့ဖြစ်ပြီး မြို့တော်အားရစ်ခွေစီးဆင်းနေသော သံလွင်မြစ်ကလည်း ဘားအံမြို့၏ သာယာလှပမှုကို ဖြည့်စွက်ထားသည်။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်စွမ်းရှိသော မြို့တစ်မြို့လည်းဖြစ်သည်။

**ထွန်းထွန်းထွေး(ဘားအံ)**






## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ မြေကွက်အမှတ်(၉)၊ အကျယ်ပေ(၈၀×၂၀၀) အနက်မှ မခွဲစိတ်ရသေးသောမြေကွက်၏ မြောက်ဘက်ခြမ်း၊ အရှေ့ဘက်ပိုင်း အကျယ်ပေ(၃၀×၅၀) မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်နွဲ့ [၁၂/အလန(နိုင်) ၀၃၄၁၉၄] ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်နိုင် [၅/စကန(နိုင်)၀၂၅၃၅၆]

အမှတ် ၄၃၊ ဘူတာရုံလမ်း၊ အင်းစိန်၊ ဖုန်း-၀၁- ၆၄၇၄၅၁

## ခြံရောင်းမည်

မင်္ဂလာဒုံ၊ ကုန်းတလဘောင်

ရွှေစေတီ (၃)လမ်း

ပေ(၆၀×၆၅)

ဖုန်း-၀၉-၂၅၄၂၇၀၅၁၈၊ ၀၉-၇၉၆၉၄၀၄၄၉

စားသောက်ဆိုင်လိုင်စင်နှင့် ပစ္စည်းများ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်

ဖုန်း ၀၉-၄၂၀၁၂၂၆၄၁၊

၀၉-၂၅၄၄၄၁၂၂၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၄၁၂/ခ)၊ မြေကွက်တည်နေရာအမှတ်-(၄၁၂/ခ)၊ အနော်မာ(၁၀)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်အေးသန်း)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးသန်း(မိခင်)နှင့် ဦးလှထွန်းစိန် (ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်အေးအေးမာ[၁၂/သဃက(နိုင်)၁၄၃၃၅၈] ၂။ဒေါ်စန်းစန်းဝင်း[၁၂/သကတ(နိုင်)၀၅၁၂၂၅]၊ ၃။ဒေါ်လှလှသက် [၁၂/သကတ(နိုင်)၁၁၀၇၈၆] ၄။ဦးလှဌေး[၁၂/သကတ(နိုင်)၁၁၀၈၈၂]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၉၅/၂၀၁၄) ရသူ ဦးရဲမင်းအောင် [၁၂/မဂတ(နိုင်)၀၈၈၈၉၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကျောက်ထု – မင်းတပ်လမ်းပိုင်း အဆင့်မြှင့်တင်

**ကျောက်ထု၊ ဇန်နဝါရီ ၁၆**

ပခုက္ကူ - ကျောက်ထု - မင်းတပ်ကားလမ်း ကျောက်ထု - မင်းတပ်လမ်းပိုင်းကို လမ်းအကျယ် ၁၂ ပေမှလမ်းအကျယ် ၃၄ ပေအထိ အဆင့်မြှင့်တင်ပြုပြင်လျက်ရှိရာ ယင်းလုပ်ငန်းပမာဏမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းမှာ မိုင်အားဖြင့် ၁၇ မိုင်ကျော်ရှိ၍ အမ်မ်ပီတီကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်း ဖြစ်ကြောင်းသိရသည်။

ထိုသို့ တိုးချဲ့ကျောက်လမ်းခင်းခြင်း၊ ကတ္တရာခင်းခြင်းနှင့် တောင်တက်၊ တောင်ဆင်းလမ်းပြေပြစ်မှုရှိစေရန် လမ်းကြောင်းပြုပြင်ခြင်းများ ပါဝင်ကြောင်းသိရသည်။

အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်ပြုပြင်မှု ပြီးစီးသွားပါက ယခင်ကဖြစ်ပွားလေ့ရှိသည့် မိုးများသည့်အခါတွင် မြေပြိုကျခြင်းများ နည်းသွားမည်ဖြစ်ပြီး ရာသီမရွေး သွားလာမှုအတွက် များစွာ အဆင်ပြေသွားမည်ဟု သိရသည်။

ပခုက္ကူ - ကျောက်ထု - မင်းတပ်ကားလမ်း ကျောက်ထု - မင်းတပ်လမ်းပိုင်းလမ်းအဆင့်မြှင့်တင်ပြုပြင်ရာသို့ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၄ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(၄၆၅)**



# ကျွန်းလှမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

**ကျွန်းလှ၊ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ ရတနာရံသီ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်ရတနာမာန် အောင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို တပို့တွဲလဆန်း ၈ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင်လည်း မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့်ကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် တပို့တွဲလဆန်း၉ရက် ဇန်နဝါရီ ၂၈ရက်တွင် သံဃာတော်အပါး ၁၀၀ကျော်အား ဆွမ်းကပ်၍ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်

**တိုက်ကြီး၊ ဇန်နဝါရီ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်း၊ ဒုလဝကမှူး ဦးရဲကျော်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်မှစ၍ တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မိုးပွင့်(အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်လျက်ရှိသည်။

မိုးပွင့်(အထူး)စီမံချက်ဖြင့် အသက် (၁၈)နှစ် ပြည့်ပြီးသူများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ၊ အသက် (၁၀)နှစ်နှင့် (၁၈)နှစ် နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်သူများ၊ ပျောက်ဆုံးသူများ၊ အိမ်ထောင်စုစာရင်း မွေးတိုးများပါ ပြုလုပ်လျက်ရှိသည်။

မိုးပွင့်(အထူး)စီမံချက်အား ဆောင်ရွက်ရာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရွေးကောက်တင်မြှောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် (၁၈)နှစ် ပြည့်ပြီးသူများနှင့် အသက် (၁၈)နှစ်ပြည့်လာမည့်သူများအား မြန်မာ နိုင်ငံ နိုင်ငံသားဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကိုင်ဆောင်နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**ထွန်းလှိုင် (မြိုင်)**

# ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း မြို့နယ်အဆင့်အသိပေးပွဲ ကျင်းပ

**ရွှေဘို၊ ဇန်နဝါရီ ၁၆**

နိုင်ငံအဝန်းဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅)၊ မြို့နယ်အဆင့်အသိပေးတင်ပြခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ ပြည်သူ့ဆေးရုံရှိနှစ်ထပ်ဆောင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဂျိုက်သိုးရောဂါသည် ဝက်သက်ရောဂါနှင့်ဆင်တူကြောင်း၊ သွေးအဖြေနှင့်သာ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါခွဲခြားနိုင်ကြောင်း၊ ဂျိုက်သိုးရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ အပိမ့်ထွက်ခြင်း၊ ပျို့အန်ခြင်းနှင့်မျက်စိနီရဲခြင်းများဖြစ်တတ်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ဆက်လက်၍ ဂျိုက်သိုးရောဂါမှာ ကလေးများတွင် ဖြစ်ပွားပါက ရောဂါမပြင်းထန်သော်လည်း ကိုယ်ဝန်ဆောင်များတွင် ဖြစ်ပါက ဝမ်းတွင်းသန္ဓေသားကို ဆိုးရွားသောနောက်ဆက်တွဲ ထိခိုက်မှုများဖြစ်ပွားနိုင်ကြောင်းနှင့် ကိုယ်ဝန်လနုစဉ်ဝင်ရောက်ပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်းနှင့် မွေးရာပါချို့ယွင်းချက်များပါသည့်မွေးရာပါဂျိုက်သိုးရောဂါလက္ခဏာစုများဖြစ်တတ်ကြောင်းပြောသည်။

“မွေးရာပါဂျိုက်သိုးရောဂါ လက္ခဏာတွေကတော့ နားမကြားခြင်း၊ ဆွံ့အခြင်း၊ မျက်စိမမြင်ခြင်း၊ ဦးခေါင်းသေးခြင်း၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဦးနှောက်နဲ့ ဦးနှောက်အမြှေးရောင်ခြင်း၊ မွေးရာပါနှလုံးရောဂါ၊ အသည်းနှင့် ဘေလုံးကြီးခြင်းတို့ဖြစ်ပါတယ်။

“ဒါကြောင့် ဝက်သက်နှင့် ဂျိုက်သိုးနှစ်မျိုးပေါင်းထားတဲ့ ကာကွယ်ဆေးကို အပိုဆောင်းအဖြစ် အသက်ကိုးလမှ အသက်၁၅ နှစ်ကလေးများကိုထိုးပေးသွားမှာဖြစ်ပါတယ်။ ဇန်နဝါရီ ၁၉ ရက်ကနေ ၂၇ ရက်အထိ ကျောင်းအခြေပြုကာကွယ်ဆေးထိုးပေးပြီး ဖေဖော်ဝါရီ ၁၉ ရက်ကနေ ၂၇ ထိ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးများထိုးပေးသွားမှာဖြစ်ပါတယ်။ အားလုံးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါတယ်”ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ရွှေဘိုခရိုင် ကျန်းမာရေးဦးစီးဌာန၊ ဒုတိယခရိုင် ကျန်းမာရေးဦးစီးမှူးဒေါက်တာစိုးမိုးထွေးက ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း (၂၀၁၅)၊ မြို့နယ်အဆင့်အသိပေးတင်ပြခြင်းလုပ်ငန်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အစီအမံများကို တက်ရောက်လာသောပညာရေးဝန်ထမ်းများ၊ကျန်းမာရေးဝန်ထမ်းများ၊ NGOအဖွဲ့အစည်းများထံသို့ ဆွေးနွေး ပြောကြားခဲ့ကြောင်းသိရသည်။

တက်ရောက်လာသော ဧည့်သည်များကသိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်းသိရသည်။

**စိုးသီဟ(iprd)**

# တရားမဝင်သုံးလုံးထီလောင်းကစားသူအား ဖမ်းဆီး

**ကျောက်တံခါး၊ ဇန်နဝါရီ ၁၆**

ကျောက်တံခါးမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ကျော်ခိုင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များ နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ဇန်နဝါရီ ၁၅ ရက်ညနေ ၅ နာရီခွဲတွင် ကျွန်းကုန်းကျေးရွာရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)မိုင်တိုင်အမှတ်(၁၁၉/၁)အနီး၌သတင်းအရစောင့်ဆိုင်းနေစဉ် စက်ဘီးစီးနင်းလာသော မသက်သက်ခိုင်(ခ) မသက်(၃၄)နှစ် ခင်ကြီးရွာ၊ ခင်ကြီးအုပ်စုပဲခူးယ်ကုန်းမြို့နေသူအား ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသောပန်းရောင်ထဘီအတွင်းဝှက်၍ယူလာသော ပလတ်စတစ်အိတ်အတွင်းမှ လောင်းကစားပြုလုပ်သော စာရွက်စာတမ်းပစ္စည်းကိရိယာများကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင်သုံးလုံးထီလောင်းကစားပြုလုပ်သူ မသက်သက်ခိုင်(ခ)မသက်အားကျောက်တံခါးမြို့မရဲစခန်းမှ (ပ)၈/၂၀၁၅ လောင်းကစား ဥပဒေပုဒ်မ၁၅၊ (က)/၁၆(က)အရအရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**




## အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ သပြုကုန်းကျေးရွာနေ အဖ ဦးလှထွေး[၁၄/ဘကလ(နိုင်)၁၀၆၂၁၉]၏ သားဖြစ်သူအမည်မှန်မှာ မောင်ဟန်မျိုးခိုင် [၁၄/ဘကလ(နိုင်)၃၂၀၇၆၇]ဖြစ်ပါကြောင်း။
မောင်ဟန်မျိုးခိုင်

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အင်းစိန်မြို့နယ်၊ (၁၀)မိုင်ကုန်း
ပေ(၂၀×၆၀) နှစ်ထပ်တိုက်
ရေ၊ မီးအစုံ
ဆက်သွယ်ရန်
**Ph:09-420122641, 09-254441224**



## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၂-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်ကြော်ငြာ၊ ဒလမြို့နယ် ဦးကျော်ညွန့်၏ ပိုင်ဆိုင်မြေပုံကူးတွင် ဒေါ်နုနု(ခ)ဒေါ်သိန်းညို(မိခင်)အစား ဒေါ်ညို(ခ)ဒေါ်သိန်းညိုနှင့် ကော်လံကျမ်းကျိန်လွှာအစား ထောက်ခံကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဂရန်မိတ္တူအစား ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ဟု ဖတ်ရှုပါရန်။




## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်-၃၃(က)၊ မြေကွက်တည်နေရာအမှတ်-၃၃(က)၊ ခနေဖြူပန်းခြံလမ်း၊ (၆) ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးမောင်မောင်နိုင်[၁၂/ရပသ(နိုင်)၀၂၀၇၅၅] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့
## LCD Screen နှင့် Control Unit
## ဝယ်ယူတပ်ဆင်ရန် အိတ်ဖွင့်ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် တပ်ဆင်ထားရှိပြီးဖြစ်သော CCDကင်မရာ၊ Speedome ကင်မရာများကို စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်းသော Monitor နှင့် Control Unit အစား LCD Screenကြီးနှင့် Control Unitပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသည်။

LCD Screen နှင့် Control Unit ရောင်းချတပ်ဆင်လိုသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် သတင်းစာကြော်ငြာသည့်နေ့မှစတင်၍ တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၂၀၀၀ိ/- နှုန်းဖြင့် ဝယ်ယူပြီး ၄-၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဂေါပကအဖွဲ့


"စေသွေမောင်" ခရီးသွားအဖွဲ့ ...

Jan-25, Feb-8,28/Mar-15,22/Apr-12

Feb-21 ... Feb 28 ...

Apr-12

★★★ 23-1-2015 ... ★★★

... (C/...) Highway Complex.


# အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

**ဦးမြတ်ချိုဝင်း(ခ)ဦးဖိုးချို**အား နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ**ဘွဲ့ကို ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ခင်မင်ရသော မိတ်ဆွေအပေါင်းအသင်းများ**

| | | |
|---|---|---|
| **ဦးသန်းမြင့်** | **ဦးစိုင်းဆမ်တင့်** | **ဦးအေးကို** |
| **ဦးကြင်စော** | **ဒေါက်တာစန်းနိုင်** | **ဦးရဲစိန်** |
| **ဦးလှမြင့်** | **ဦးစိုင်းမြင့်သိန်း** | **ကိုပေါက်** |
| **ဦးညဏ်ဝင်း** | **ကိုဇော်ဝင်းချမ်း** | **ကိုသန့်ဇင်** |
| **ဦးတင်လှ** | **ကိုစိုင်းကျော်လင်းလတ်** | **ကိုသန်းမြင့်** |


## အိမ်ငှားမည်

မြေအကျယ် ပေ(၁၁၀×၇၀) အိမ်အကျယ်အဝန်း ပေ(၄၀×၆၀) (အိပ်ခန်း ၅ခန်း)+ RC နှစ်ထပ်တိုက်၊ ကားဂိုဒေါင်+မြက်ခင်း+တိုက်သစ် ပြင်ဆင်ပြီး Aircon+Ph၊ ရွှေပင်လုံ Rose Part II I ပတ်ဝန်းကျင်ကောင်း၊ ကုမ္ပဏီရုံးခန်း၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်ရန်ကောင်း၊ အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၅၁၂၅၈၄၂၊ ၀၉-၅၂၈၀၅၇၈၊ ၀၉-၄၉၃၃၃၃၁၈

အင်္ဂလိပ်စာ WEBS ... 09 5151...

ENGLISH ...

BCA ACADEMY
of the built environment
ပညာရေးဆွေးနွေးပွဲ
18.01.2015
PRIME HILL BUSINESS SQUARE
BCA ACADEMY ...
01-206266,09-799636217,09-30209112,09-795343776

## ဆိုင်ခန်းငှားမည်

ပန်းဘဲတန်း၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေညီ၊ ပေ(၁၁×၂၅)၊ ရေ၊ မီး၊ ဖုန်း၊ Air Con၊ ကြွေပြားအသစ်ခင်းပြီး။
Ph:09-420254161
09-795357509, 09-250273787

## မြေကွက်ဝယ်လိုသည်

09 250644566
09 255781353
09 254046497

အစဉ်ပြဖြင့်အဆောင်ငှားရန်ရှိသည်

... Private colleges (MIC, ... college, Noble college, Victoria college ...)

... 09-5055412, 09-73126466, 01-510617

တန်ဖိုးရှိသောပညာများကို သင်ယူခြင်းဖြင့် သင့်ဘဝကိုမြှင့်တင်ပါ
### ထက်ငုဝါ
### ဖက်ရှင်ဒီဇိုင်းသင်တန်း
ခေတ်မီဂျပန်စင်တီမီတာနည်းပညာဖြင့် စနစ်တကျ သင်ကြားပေးပါမည်။
**အမှတ်(၁၂)၊ ပထမထပ်-A၊ (၁၄၉)လမ်း၊ သီတာလမ်းမှတ်တိုင်အနီး၊ ပျားရည်ကုန်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-422215121**

အာဗိဇာ

Ph: 01-...

ကျော်ဦး
စွမ်းအင်နှင့်ဝန်းကျင်

## ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

[illegible]

## သီတဂူရွှေပြည်ဟိန်းစကျူးဒါနဆောင်ရှိ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

[illegible]

[illegible] (AccountNo.00730200701690301) [illegible]

---

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းချစ်ဦး၏ဇနီး မဟာစည် မြဝတီသာသနာ့ရိပ်သာ၏ ပုဗ္ဗာရုံကျောင်းအမကြီး **ဒေါ်ညီညီဝေလွင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပေးအပ်ချီးမြှင့်သည့် **သုစမ္မသိကီဘွဲ့** အား ထိုက်ထိုက်တန်တန်ရရှိခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်ပြီး အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

**မဟာစည်မြဝတီသာသနာ့ရိပ်သာ**
**ယောဂီများနှင့်ဝေယျာဝစ္စအဖွဲ့**
**ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**

---

## ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း ရခိုင်ပညာရည်ချွန်ဆု ထူးခြားထူးချွန်ဆုပေးပွဲကျင်းပမည်

ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်းတို့၏ နှစ်စဉ်ပူးပေါင်းကျင်းပမြဲဖြစ်သော ရခိုင်ပညာရည်ချွန်ဆုနှင့် ထူးခြားထူးချွန်ဆုပေးပွဲကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်၊ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး(၅)ဘာသာနှင့်အထက် ရရှိကြသော ရခိုင်ပြည်နယ်နှင့် အခြားတိုင်းနှင့်ပြည်နယ်များမှ ကျောင်းသား/ကျောင်းသူများ၊ ဂုဏ်ထူး(၃)ဘာသာနှင့်အထက်ရရှိသူ အသင်းနှစ်သင်း၏ အသင်းဝင်မိသားစု ကျောင်းသား/ကျောင်းသူများနှင့် နိုင်ငံတကာအဆင့်၊ နိုင်ငံတော်ဗဟိုအဆင့်တို့၌ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာနယ်ပယ်တွင် ဆုရရှိကြသူများသည် သက်ဆိုင်ရာဆု၊ ဂုဏ်ပြုလက်မှတ် အထောက်အထားများနှင့်အတူ ၃၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ သဟာယအသင်းရုံး၊ အမှတ်(၄၈၁)၊ ဒု-ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၄၃၀၁၇၂၊ ရခိုင်အမျိုးသမီးအသင်းမှ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်ခိုင်နု ဖုန်း-၃၇၄၄၉၀ တို့ထံသို့ ဆက်သွယ်လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆုပေးပွဲကျင်းပရေးအဖွဲ့**

---

**Creation Strength Co., Ltd. မှ ကြီးမှူးကျင်းပသော**

၂၀၁၅ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် အရည်အသွေးမြင့်မားသော ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို တစ်နေရာတည်းတွင် အထူးအံ့သြဖွယ်ရာကောင်းသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်မည်

# THE MOST AMAZING EXHIBITION & CAR SHOW

နေ့ရက်- ၂၉-၁-၂၀၁၅ မှ ၁-၂-၂၀၁၅ အထိ
အချိန်- နံနက် (၉း၀၀) နာရီမှ ည (၆း၀၀) နာရီထိ
နေရာ- တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့

ပါဝင်ပြသလိုသော ကုမ္ပဏီများဆက်သွယ်ရန် - ဖုန်း - ၀၉-၄၅၀၀၄၅၀၀၃၊ ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၀၆၁၁၁

---

## ဖြည့်စွက်ဖတ်ရှုပါရန်

